# ခင်မိမိကြင်

## မုန်းပစ်လိုက်ကြမယ်တဲ့အား



# မုန်းပစ်လိုက်မယ်တစ်အား

ဤဝတ္ထုဇာတ်လမ်းသည် မိမိ စိတ်ကူးသာ ဖြစ်ပါသည်။ အကယ်၍ တိုက်ဆိုင်မှု ရှိလျှင် ခွင့်လွှတ်ပါရန် ကြိုတင် ပန်ကြားအပ်ပါသည်။

စာရေး သူ

♥♥♥

## တစ်

"ကြီးကြီးရွှေ....."

"ရှင့် ....."

"ဟောဒီ စာအုပ်ပုံကြီးကို မနက်ဖြန်ကျတော့ ပိသာချိန်နဲ့ ရောင်းစားလိုက်တော့၊ ကြီးကြီးအတွက် ရွှန်းက မုန့်ဖိုးပေးတာ သိလား"

"ဟုတ်ပါပြီတော် ....."

"ကြီးကြီး ရွှေ ....."

"ဆိုပါ ရွှန်းရဲ့ ကြီးကြီး နားထောင်နေပါတယ်"

"ဒီစာအုပ်တွေ ကိုတော့ ရွှန်း စားပွဲကို ရှင်းပြီး ပြန်စီထားပေးနော်၊ ရွှန်း သိမ်းထားရမယ့် စာအုပ်တွေ ဖြစ်နေလို့"

"စိတ်ချပါ ရွှန်းလေးရဲ့ "

"ကဲ ...ရွှန်း သွားမယ်၊ မနက်ဖြန် ခရီးထွက်ဖို့ ပြင်ရဦးမှာ မို့လို့"

“ကဲ ... ကဲ ... သွား ပြင်ချေပါ .... ပြင်ချေပါ၊ စာအုပ်တွေ အတွက် စိတ်ချ၊ ကြီးကြီးရွှေ အားလုံး သပ်သပ်ရပ်ရပ် စီထားပေးမယ်”

“အဲဒါတွေ ကြောင့် ကြီးကြီးရွှေကို ချစ်ရတာ ၊ ရွှတ် ....ရွှတ် ....”

“ဟဲ့ .... အို ...ရွှန်းလေး ငါတော့ လဲတော့မှာ ပဲ”

“အဟင်း ... ဟင်း ... ဟင်း ... ဟင်း ...”

ရွှန်းပပလှိုင်သည် ဘူတို့၏ ဘဏ္ဍာစိုးကြီး ဒေါ်ရွှေပွင့်ကို ပွေ့ဖက်လှုပ်ယမ်း၍ နမ်းရှုံ့ပြီးသည်နှင့် စာကြည့်ခန်းထဲမှ ပြေးထွက်သွားတော့သည်။

“သြော် ....ရွှန်းလေး .....ရွှန်းလေး ”

ဒေါ်ရွှေပွင့်သည် ကြည်နူး နှစ် ထောင်း ရှိလှစွာ ရွှန်းပပလှိုင်ကလေးကို လှမ်းကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေ၏ ။

သူ့ မျက်စိထဲတွင် ရွှန်းလေး အမူအရာ အပြောအဆို လုပ်ပုံ ကိုင်ပုံ ကလေးများသည် အပြစ် ကင်းစင်သော ကလေးတစ်ဦးကဲ့သို့ ရှိနေ၏ ။

တကယ်တော့ ရွှန်းပပလှိုင်၏ အသက်က မငယ်တော့ပါ။ မနေ့ကပဲ နောက်ဆုံးနှစ် ရူက္ခဗေဒစာမေးပွဲကို ဖြေဆိုပြီးခဲ့သူ ဖြစ်သည်။ နောင်တွင် ဘဝကြင်ဖော်အဖြစ် လက်တွဲ ရမည့် သူလည်း ရှိထားနေသူ ဖြစ်ပေသည်။

ရွှန်းပပလှိုင် တစ်ယောက် သူ့အိပ်ခန်း တံခါးကြီးကို ကျယ်ကျယ်ဖွင့်ကာ ခုတင်ပေါ်တွင် လက်ဆွဲ သားရေသေတ္တာကြီးကို တင်၍ အဝတ်အစားနှင့် သူ့ အသုံးအဆောင်ပစ္စည်းများ ထည့်သို နေသည်ကို တစ်ယောက် သော သူသည် ဘီးတပ် ကုလားထိုင်ကလေးပေါ်မှ နေ၍ အိမ်ခန်းဝမှ လှမ်းကြည့်နေ၏ ။

ထိုသူကား ခြေထောက် နှစ် ဘက် မသန်မစွမ်း ဖြစ်နေသော ရွှန်းပပလှိုင်၏ မွေးသမိခင် ဒေါ်ပပလှိုင်ပင် ဖြစ်သည်။

ရွှန်းပပလှိုင်သည် မိခင်ကြီး သူ့ကို တွေ ဝေ စူးစိုက်၍ ကြည့်နေသည်ကို

သတိမမူမိဘဲ သီချင်းခွေ တစ်ခု ကို ကက်ဆက်ထဲ သွင်းကာဖွင့်ရင်း ပါးစပ်က လိုက်ဆိုကာ ရွှင်မြူး သွက်လက်စွာ လှုပ်ရှားနေပေ၏ ။

"ဟာ ... လိုတာတွေ ထည့်လို့တော့ ပြီးသွားပြီး အဟင်း .. အခွင့် အရေး ရတုန်း အေးမွှန်နဲ့ ပေါင်းပြီး ပြင်ဦးလွင်ကို အရင်သွားမယ်၊ ပြီးတော့ အထက်မြန်မာပြည်တစ်ခွင်လုံး ပြုပြစ်စင်အောင်ကို လည်ပစ်လိုက်မယ်၊ မှတ်ထား အဟင်း ...."

သူ လက်ညှိုးကလေး ထောင်ပြီး ကြိမ်းဝါးလိုက်သည်ကို ကြည့်ပြီး ဒေါ်ပပလှိုင်သည် ခေါင်းတယမ်းယမ်း ပြုလုပ်လိုက်သည်။ ထို့နောက်မှ ဘီးကလေးကိုလက်နှစ် ဘက်ဖြင့် အသာတွန်း ကာ သမီး ဖြစ်သူ၏ အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

"ဟော ... မေမေ၊ အဟင်း ... သမီး ခရီး ထွက်ဖို့ ပြင်နေတာလေ"

"သမီး ခရီးထွက်ရမှာ ကို သိပ်ပျော်နေတာ မေမေ တွေ့ရတော့ မေမေလဲ သိပ်ဝမ်းသာရပါတယ်၊ ဒါပေမယ့် သမီးကို မေမေ တစ်ခုတော့ သတိပေးပါရစေ"

"ဘာများ လဲ မေမေ ... ဟင်"

ရွှန်းပပလှိုင်သည် မိခင်၏ ရှေ့သို့ ရုတ်ခြည်း ရောက်လာပြီး သိလိုစိတ် ပြင်းပြသော မျက်လုံးများ ဖြင့် မိခင်ကို ကြည့်နေ၏ ။

"မောင်နေမျိုး ဇော် ဆီကိုတော့ သမီး တစ်ယောက် တည်း သွားဖို့ စိတ်မကူးပါနဲ့"

"ဟင် ... ကိုနေက မေမေပဲ သမီးကို သဘောတူထားတဲ့သူ မဟုတ်လား သမီးဘွဲ့ သူပြီးတာနဲ့ လက်ထပ်ရမယ်လူဆို"

အလွန်အံ့သြစွာ ဖြင့် မိခင်မျက်နှာကို ကြည့်ရင်း ရွှန်းပပလှိုင်က မေးလိုက်သည်။

"ဟုတ်ပါတယ် .... သမီး ဖေဖေ မရှိတဲ့နောက် ကျဆင်းနေတဲ့ စီးပွားရေး အတွက် မောင်နေမျိုး ဇော်ကို မေမေက သမီးအတွက် ရွေးလိုက်တာ မှန်ပါတယ်။ ဒါပေမယ့် သမီးရဲ့ ၊ ကိုယ်နဲ့ လူသိရှင်ကြား လက်မထပ်ခင် စပ်ကြား မေမေ အနေနဲ့က သမီး သူနဲ့ လက်ပွန်းတထီး

နေမိသွားမှာ ကို စိုးရိမ်တယ်လေ၊ သူက ရုပ်ချော ဥစ္စာပေါပြီး ခေတ်စကားနဲ့ ပြောရရင် ပို့ တိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေတော့ မေမေတွေ းပြီး ပူမိတာရှိလို့ပါကွယ်”

“အဟင်း ...”

ရွှန်းပပလှိုင်၏ စိုဖူး ပြည့်တင်းနေသော နှုတ်ခမ်းကလေးတွင် မဲ့ပြုံး ကလေး တစ်ခု လှစ်ခနဲ ထွက်ပေါ်သွားခဲ့၏ ။

“အဟင်း ... တစ်ခု၊ တစ်ယောက် ၊ တစ်သက်၊ တစ်ကမ္ဘာတည်းသာ မွေးရာပါ ဇာတိအစွဲ ရှိခဲ့တဲ့ သမီးအတွက် မေမေ ခုတော့ ပူနေပြီကိုး ... အဟင်း”

သူ့ကို ကျောခိုင်းလိုက်သော သမီး ဖြစ်သူကို ဒေါ်ပပလှိုင်က ခေါ်လိုက်သည်။

“သမီး ...ရွှန်း”

ရွှန်းက မိခင်ဘက်သို့ ဖြည်းညှင်းစွာ လှည့်ကြည့်လိုက်သည်။

မိခင်၏ မျက်နှာပေါ်တွင် စိုးရိမ် ကြောင့်ကြ ခြင်း ဖြစ်နေမှု တွေ က အထင်းသား ပေါ်လွင်နေ၏ ။

“မေမေ စကားကို သမီးလေး နားထောင် မှာ ပါ၊ နော် ... နော် သမီး”

“စိတ်ချပါ မေမေ၊ သမီးအတွက် မေမေ စိတ်အနှောက် အယှက် ဘာမှမ ဖြစ်စေရပ်ဘူး။ သမီး ကတိပေးပါတယ်”

“လိမ္မာလိုက်တဲ့ သမီးလေးရယ်”

ဒေါ်ပပလှိုင်၏ မျက်နှာသည် ရုတ်ခြည်း ဝင်းပ ကြည်လက်သွာတော့သည်။

“သမီးလေး လမ်းမှာ လိုရမည် ရ သုံးဖို့ မေမေ့ဆီကလဲ ငွေယူသွားဦးလေ”

“နေပါစေ မေမေ၊ သမီး စုထားတဲ့ ငွေက သမီးသွားမယ့် ခရီးအတွက် လုံလောက် ပါတယ်၊ မေမေ့ လက်ထဲမှာ သာ အပိုအလျှံထားပါ မေမေက ကျန်းမာရေး အတွက် ခဏခဏ ကုန်နေရတာ ”

“အင်း … ဟုတ်ပါတယ်၊ မေမေ့ ဘဝမှာ တော့ ဒီ ရောဂါ တွေ ဟာ သေရာပါ၊ ရောဂါ တွေ ပဲ ဖြစ်နေတော့ မှာ ပါ”

စိတ်ပျက် အားလျော့သံဖြင့် ဒေါ်ပပလှိုင်က ပြောရင်း ငိုင်ကျသွားသည်။

သည်လို ကျတော့လည်း မေမေ့ကို ရွှန်းသိပ် သနားသွားမိသည်။

မေမေ့ အနီးသို့ လေအလျဉ်ကဲ့သို့ ရောက်ရှိသွားပြီး၊ ကြမ်းတွင် ဒူးထောက်ကာ မေမေ့ ဒူးတွေ ကို ကိုင်၍ မော့မော့ ကလေး မေမေ့ မျက်နှာကို ကြည့်လိုက်သည်။

“မေမေရယ်၊ အားငယ်စိတ်တွေ ကို ဖျောက်ပစ်စမ်းပါ ကမ္ဘာမှာ ဒီလောက် ဆေးစွမ်း ကောင်းတွေ ပေါ်နေတဲ့ ဥစ္စာ၊ ဒီ နှလုံး ရောဂါ တို့ သွေးတိုး ရောဂါ တို့ ဆိုတာ ပျောက်နိုင်စရာလမ်း ရှိပါတယ်”

“အဟင်း … သမီးလေးက မေမေ့ကို အားပေးစကားတွေ ပြောနေတယ်၊ သိပ်လိမ္မာတဲ့ သမီးလေးပဲ၊ မေမေ့ အသက်က ဆေးပေါ်မှာ မတည်ပါဘူးကွယ်၊ သမီးအပေါ်မှာ တည်ပါတယ်။ အဟင်း … ဟင်း … ဟင်း .. မေမေ့ကိုယ် မေမေ အသိဆုံးပေါ့”

“အင်း … ဒီစကားမျိုး မေမေ ပြောပြန်ပြီ၊ ဒီစကားမျိုး ကြောင့် ပဲ ငါဟာ ကိုနေနဲ့ လက်ထပ်ဖို့ သဘောတူခဲ့ရတာ ၊ ငါ့ ဆန္ဒထက် မေမေ့ ဆန္ဒတွေ ကို ငါ ဦးထိပ်တင်ခဲ့ရတာ ငါ့ ဘဝကို ငါ မပိုင်ဘူး။ ဟုတ်တယ် ငါ မပိုင်ပါဘူး”

“သမီး …”

ဒေါ်ပပလှိုင်က ရွှန်းပပ၏ ဦးခေါင်းက ဆံပင်မည် းမည် းကလေးတွေ ကို အသာ ပွတ်သပ်ရင်း ရှေ့သို့ စူးစိုက်ကြည့်ရင်းက ….

“သမီးကို ကိုယ်ဝန်ဆောင်စဉ်ကလေ … သမီး ဖေဖေက သားယောကျ်ားလေး သိပ်လိုချင်တာ၊ သားလေး မွေးပါစေလို့ ဟိန္ဒူဘုရားကျောင်းက ညောင်ပင်မှာ နွားနို့ကပ်ပြီး သားဆုကို အပတ်တိုင်း သွားပန်စေခဲ့တယ်၊ မေမေ့ ဆန္ဒ မေမေ့ အာသီသ ကတော့ သမီး မိန်းကလေးပဲ လိုချင်တာဆိုတော့ သူ့ဘာပြောပြောလေ မေမေ ကတော့ သမီးဆုကိုပဲ

ကျိတ်ပန်ခဲ့တယ်လေ။ မေမေ သမီးကို ရသွားတယ်၊ မေမေ သိပ်ပျော်ရတာ ပေါ့ သမီး”

“ဟင် .. ဒါဆိုရင် သူ့ ဆန္ဒ မပြည့်လို့ ဖေဖေက သမီးမွေးလာတော့ မမုန်းဘူးလားဟင်”

“အို … သမီးရယ်၊ ကိုယ့်သွေး ကိုယ့်သားပဲ ဘယ်မုန်းပါ့မလဲ၊ မွေးလာတဲ့ ဟောဒီသမီးကလေးကို ချစ်လိုက်တာမှ တုန်နေတာပါပဲကွယ်”

ဒေါ်ပပလှိုင်၏ မျက်နှာ ပြုံးရွှင်နေသည်ကဲ့သို့ရွှန်းပပ၏ မျက်နှာနုနုကလေးမှာလည်း ရွှန်းပကြည်လင် နေပေ၏ ။

သူ့နှုတ်ခမ်း ဖူးဖူးကလေးသည်လည်း အပြုံး ဖြင့် သိပ်လှနေသည်။

ချစ်သော ဖေဖေ ရှိစဉ်က သူ့ကို အလိုလိုက်ခဲ့ပုံများ ကို တစိမ့်စိမ့် တွေ းမိရင်း ရွှန်း၏ မျက်နှာကလေးသည် ပြုံး ၍ နေသည်။

“ကဲ … သမီးလေး လုပ်စရာ ရှိတာ ဆက်လုပ် ဦး၊ မေမေလဲ ဆရာတော် ဘုရား အတွက် နေကထိုင် ကလေး ဆက်ချုပ်လိုက်ဦးမယ်”

“နားနားနေနေ လုပ်ပါ မေမေရယ်၊ ဖေဖေ့ အတွက် ဆွမ်းကျွေးဖို့က လကုန်မှပဲ ဥစ္စာ”

ဒေါ်ပပလှိုင်သည် သူ့ကုလားထိုင် ဘီးများ ကို လက်နှစ် ဘက်ဖြင့် တွန်း၍ လှည့်ကာ အိမ်ရှေ့ခန်းဘက်ဆီသို့ ထွက်ခွာသွားတော့သည်။

ရွှန်းပပလှိုင်လည်း သူ့ အိပ်ခန်းထဲသို့ ပြန်လျှောက် ဝင်လာပြီး ခုတင်စွန်းတွင် ထိုင်ကာ ထည့်သိုပြီးစီးသွားသော သူ့ အဝတ်အစား သေတ္တာကို ကြည့်နေသည်။

“အင်း … ငါ မေမေ့ကို ထားပြီး ထွက်သွားတာ တစ်ကိုယ်ကောင်းများ ဆန်နေမလား ငါ မရှိရင် ငါ့ကို သိပ်ချစ်တဲ့ မေမေ သိပ်လွမ်းနေမှာ သေချာတယ် ….”

ရွှန်းပပ၏ နုထွေးလှပသော မျက်နှာကလေး ငိုင်ဆင်းသွား၏ ။

"ဟဲ့ ....ရွှန်းလေး ၊ ဘာတွေ ငိုင်နေတာလဲ"

"အင်း ... ဟို ရွှန်းရွှန်း စဉ်းစားနေတာပါ ကြီးကြီးရွှေ"

ရွှန်းသည် သူ့ အိပ်ခန်းထဲသို့ အဝတ်ဟောင်းခြင်းကလေးကို ကိုင်၍ ဝင်လာသော ဒေါ်ရွှေပွင့်ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

"ဆိုစမ်းပါဦး ဘာတွေ များ ရွှန်းလေးက စဉ်းစားနေတာလဲလို့"

လက်ထဲက ခြင်းကို ချကာ ရွှန်းပပလှိုင်၏ မျက်နှာကလေးကို စေ့စေ့ကြည့်ရင်း ဒေါ်ရွှေပွင့်က မေးလိုက်သည်။

"ရွှန်း ခုလို မေမေ့ကို ပစ်ထားပြီး ထွက်သွားတာ မတရားများ ဖြစ်နေသလားလို့ ကြီးကြီးရွှေရယ်"

"သြော် ...ရွှန်းလေးရယ်၊ ခဏတစ်ဖြုတ်လေး အလည်အပတ် သွားတဲ့ ဥစ္စာပဲ"

"ဟုတ်ပါတယ်၊ ခဏတဖြုတ်လေး အလည်သွားတာပါပဲ၊ ကြီးကြီးရွှေ သိတယ်မဟုတ်လား။ မေမေက ရွှန်းကို မျက်စိအောက်က အပျောက်မခံနိုင်တာ ...."

"ပပ ကတော့ သည်းကိုသည်းလွန်းပါတယ်၊ သူ့ကြောင့် ပဲ ရွှန်းလေးကို ကြီးကြီးရွှေက ခုလို ခရီး ထွက်သွားတာ ကြိုက်တာ သိရဲ့ လား"

အိပ်ခန်းဝဘက်သို့ လည်း မလုံမလဲ ဟန်ဖြင့် တစ်ချက်ကြည့်ရင်း ဒေါ်ရွှေပွင့်က ပြောလိုက်သည်။

"ဟွန်း ... ဘယ်လို .... ဘယ်လို ကြီးကြီးရွှေ"

ဒေါ်ရွှေပွင့်၏ စကားကို ရွှန်းပပလှိုင် သဘောပေါက်ဟန် မတူပါ။

"သြော် ....ရွှန်းလေးရယ်၊ ရွှန်းလေးက လူငယ်လေ၊ လူငယ်ဘဝ လွတ်လွတ်လပ်လပ် နေချင်တဲ့ အခါလဲ ရှိမှာ ပေါ့၊ ကိုယ့်ဆန္ဒပြည့်ဖို့ တစ်ခုတည်းသာ ကြည့်ပြီး၊ အမြဲတမ်း ချုပ်ချယ်ထားတာမျိုး ကြီးကြီးရွှေ မကြိုက်ဘူး။ အန္တရာယ်မ ဖြစ်တဲ့ လွတ်လပ်မှုမျိုး

တစ်ခါတစ်ခါ တော့ ပေးသင့်တယ်လို့ ကြီးကြီးရွှေထင်လို့ ရွှန်းလေးကို ခရီးထွက်ခွင့်ပြုဖို့ သူ့ကို ကူပြောပေးတာပေါ့၊ ရွှန်းလေး ထွက်မယ့် ခရီးကို ရောက်အောင်သာသွား၊ သူ့အတွက် မပူနဲ့ ကြီးကြီးရွှေ သူ့ကို ကောင်းကောင်း ကြည့်ထားမယ်”

ဒေါ်ရွှေပွင့် ကတော့ ရွှန်းကို ခရီးထွက်ဖို့ အပြတ်ကို တိုက်တွန်းနေ၏ ။

“ဒါကြောင့် ရွှန်း ကြီးကြီးရွှေကို သိပ်ချစ်ရတာ ”

“ဟဲ့ … ဟဲ့ လုပ်ပြန်ပြီ၊ နှစ် ယောက် စလုံးတော့လဲ ပြိုကျတော့မှာ ပဲ၊ ဒီကောင်မလေး …”

ရွှန်းပပလှိုင်က ဒေါ်ရွှေပွင့်၏ တုတ်ခိုင်သော ခါးကြီးကို တအားဖက်ကာ မွှေ့ယမ်းလိုက်သည်။

ရွှန်းပပလှိုင်သည် ဒေါ်ရွှေပွင့်ကို တကယ်လည်း နှစ် နှစ် ကာကာ ချစ်ပါသည်။ အမေလို အဒေါ်လိုနေရာမျိုး က ထားပြီး အားလည်းကိုးပါးသည်။

သူ့ဘဝမှာ ဒေါ်ရွှေပွင့် မားမားမတ်မတ်ရှိနေ၍ လည်း ခံသာနေသည်ဟု ထင်မိ၏ ။

“ကြီး ရွှေ …”

“ရှင့် …”

“အိမ်ပြန် လက်ဆောင် ကြီးကြီးရွှေဖို့ ရွှန်း ဘာဝယ်လာ ပေးရမလဲဟင်”

“လူ တစ်ယောက် …..”

“အယ်တော့် … ကြီးရွှေ ဒီအရွယ်ကြီးကျမှ မရှက်ဘူးလား ….”

“အဟင်း … ဟင်း၊ ကြီးရွှေ အတွက် မဟုတ်ပါဘူး၊ အဖော်လိုနေတဲ့ ဟောဒီ ရွှန်းလေးအတွက်”

ရွှန်းပပ၏ ပါးလေး တစ်ဘက်ကို မနာအောင် လိမ်ရင်း ဒေါ်ရွှေပွင့်က

ပြောလိုက်သည်။

“အချိန်တန်တော့ ရောက်လာမှာ ပါ ကြီးရွှေရယ်၊ မပူပါနဲ့ မေမေချိတ်ပေးထားတဲ့ နံပါတ်ကြီး ရှိနေတာပဲ”

“ဟုတ်ပါတယ်လေ၊ ဒါတော့ ကြီးရွှေလဲ အသိပဲ ဥစ္စာ ခု ကြီးရွှေပြောတာက စိတ်တူ သဘောတူ လူမျိုး ကို ပြောတာ”

“ဟင်း … ဒီဘဝမှာ တော့ မ ဖြစ်နိုင်တော့ပါဘူး ကြီးရွှေရယ်၊ သူနဲ့ရွှန်းအကြောင်း လူသိရှင်ကြား ဖြစ်အောင် မေမေ စီစဉ်ခဲ့ပြီးမှတော့ ရွှန်းဘဝကို ဒီမှာ တင်ပဲ ကန့်လန့်ကာ ချလိုက်ပြီ၊ ရွှန်း မျက်နှာများ တဲ့ မိန်းမအ ဖြစ် မခံနိုင်ဘူး ကြီးရွှေ”

“ရွှန်းလေးက လူငယ်သလောက် စိတ်ထားမြင့်မြတ်ပါပေတယ်၊ တည်ကြည် ရိုးသားပါတယ်၊ သည်လို မိန်းကလေး အတွက် အထိုက်တန်ဆုံး အဖော်မွန်ရပါစေလို့ပဲ ကြီးရွှေ ဆန္ဒပြုလိုက်ပါတယ်”

ရွှန်း ပြုံး လိုက်ပါသည်။

သို့ သော် ….

သည်အပြုံး ကလေးက မဲတဲ့တဲ့ ဖြစ်နေ၏ ။

♥ ♥ ♥

နှစ် ။

ရွှန်းပပလှိုင်သည် ဘုတာရုံသို့ သွားခါနီး တွင် မိခင်၏ ပါးနှစ် ဘက်ကို အကြိမ်ကြိမ်အခါခါ နမ်းလိုက်ပါသည်။

မိခင် ဒေါ်ကကလှိုင်ကလည်း ရွှန်း၏ ပါးကလေး နှစ် ဘက်ကို သူ့ လက်နှစ်

ဘက်ဖြင့် ညှပ်ကိုင်ကာ အနမ်းများ တစ်ဝကြီး တုံ့ပြန်လိုက်သည်။

"ရွှန်း သွားမယ် မေမေ"

"အင်း ... အင်း ... လမ်းခရီးမှာ ကိုယ့်ကို ဂရုစိုက်နော် သမီးလေး"

"စိတ်ချပါ မေမေ"

မျက်ဝန်း နှစ် ဘက်တွင် မျက်ရည်တွေ တစ်လည်လည် နှင့် မိခင်သည် လှေကားထိပ်မှနေ၍ သူ့ကို ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

မေ့မေ့ကို ကြည့်ပြီး ရွှန်း စိတ်ထဲ တစ်မျိုး ကြီး ဖြစ်ခဲ့ရပါသည်။

"ရွှန်းလေးရယ် ... နောက်ကြောင်း တလှည့်လှည့်နဲ့ ပပအတွက် မပူစမ်းပါနဲ့၊ ကြီးရွှေ တစ်ယောက် လုံး ရှိနေတဲ့ ဥစ္စာ"

သူ့ နံဘေးတွင် ထိုင်လာသော ဒေါ်ရွှေပွင့်က ပြောလိုက်တော့မှ အိမ်ဘက်ဆီသို့ လှည့်တပြန်ပြန် ကြည့်နေသော ရွှန်းပပ၏ မျက်နှာကလေးကို ရှေ့သို့ တည့်မတ်စွာ ပြန်လှည့်လာတော့သည်။

"မေမေက မလွှတ်ချင်တာ၊ ရွှန်းက အတင်းထွက်လာခဲ့တာ မဟုတ်လား"

"ဩော် ....ရွှန်းလေးရယ်၊ နောင် အလုပ်နဲ့ အကိုင်နဲ့ပဲ၊ ဖြစ် ဖြစ်၊ အိမ်ထောင်နဲ့ပဲ ဖြစ် ဖြစ် ဖြစ်လာတဲ့ အခါကျရင် ရွှန်းလေး ဒီလို ဘယ် သွားနိုင်တော့မှာ လဲ၊ ကြီးရွှေက တော့ တစ်ခါတစ်ခါ ခရီးထွက်ရတာ မျိုး ကို ကြိုက်တယ်၊ ခုဆိုရင် ရွှန်းလေး စာမေးပွဲအတွက် လုံးပန်းခဲ့လို့ အနားယူဖို့က အကောင်းဆုံး အချိန်၊ ဒီအချိန်မျိုး မှာ ခရီးထွက်လိုက်ရင် ရွှန်းလေး ပင်ပန်းခဲ့သမျှ အားလုံး ပြေပျောက်စရာ ဖြစ်မယ်၊ ဒါကို ကြီးရွှေက တွက်တာပါ"

"ဟုတ်ပါတယ်၊ ရွှန်း လဲ စိတ်ပင်ပန်းခဲ့ရသမျှတွေ ဖြေဖျောက်ချင်လွန်းလို့ ဇွတ်ထွက်ခဲ့တာပဲ၊ ဟိုမှာ ကလဲ အားမနာရမယ့် လူခံက ရှိနေတာ မဟုတ်လား"

"အေးမွန်ကိုလဲ ပြောလိုက်ပါ၊ ကြီးရွှေက သတိရပါတယ်လို့"

“အဟင်း … ဟင်း၊ ကြီးရွှေထည့်ပေးလိုက် တဲ့ ပုစွန်ထုပ်ကြီး ကြော်တွေ တွေ့ရင် ကြီးရွှေ သူ့ကို သတိရကြောင်း မပြောဘဲလဲ သိမှာ ပါ့”

“အေး … ပုဇွန်ထုပ်ဆိုလို့ ပြောရဦးမယ်၊ ဟိုရောက် ရောက်ချင်း သူငယ်ချင်း နှစ်ယောက် ကွဲနေတာကို အတိုးချပြီးလဲ စကားပြောပြီး မေ့နေဦးမယ်၊ ပုဇွန်ထုပ်ကြော်တွေ ကို ချက်ချင်း ပြပြီး ပန်းကန်ထဲထည့်နော် … မှာ လိုက်ပါရဲ့ ”

“အင်းပါ၊ ကြီးရွှေရဲ့ ”

နှစ် ယောက် သား တတွတ်တွတ် စကားပြောရင်း ရန်ကုန်ဘူတာကြီးသို့ ရောက်ခဲ့ကြသည်။

အသင့်ရှိနေပြီ ဖြစ်သော ရထားကြီး၏ အထူးတန်းတွဲ တွင် ရွှန်းပပလှိုင်သည် သူ့ထိုင်ခုံကို ရှာလိုက်သည်။

“ဟော … တွေ့ပြီ”

ရွှန်းပပလှိုင်သည် သူ့ပစ္စည်း ပစ္စယများ ကို နေရာချပြီး ပြတင်းပေါက်မှ ကိုယ်ကလေး ထုတ်ကာ ဒေါ်ရွှေပွင့်ကို လက်ပြလိုက်သည်။

“ကြီးရွှေ ပြန်တော့လေ”

“နေပါဦး … ရထားထွက်မှပဲ ပြန်ပါရစေ”

“ခုပဲ ထွက်တော့မယ့် ဥစ္စာ”

“အေးလေ …. ခုပဲ ထွက်တော့လဲ ထွက်မှပဲ သွာတော့ မပေါ့”

“ရွှန်း ပြန်လာမယ့်နေ့ ဖုန်းဆက်လိုက်မယ် သိလား”

“အင်းပါ”

ရွှန်းပပလှိုင် တွဲ ပေါ် ရောက်ပြီး နာရီဝက်ခန့်တွင် ရွှေမန်းဆီသို့ အဆန်ရထားကြီး ရန်ကုန် ဘူတာကြီးမှ စတင်ထွက်ခွာပါတော့သည်။

ရွှန်းပပလှိုင်သည် မျက်စိတစ်ဆုံးမြင်သာသည့် နေရာအထိ ဒေါ်ရွှေပွင့်ကို လက်ကလေး ဝေ့ယမ်းပြခဲ့ပါသည်။

"ဟား ...."

ဒေါ်ရွှေပွင့် သူ့ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့မှပဲ ထိုင်ခုံတွင် ကိုယ်ကလေးကို ပစ်ချထိုင်ပြီးမျက်လုံးအစုံကိုမှိတ်ထားလိုက်သည်။

သူ့မျက်နှာကလေးပြုံး နေသည်။

သူ့နှုတ်ခမ်း ဖူးဖူးပြည့်ပြည့် ကလေးသည်လည်း အပြုံး ဖြင့် သိပ်ကို လှနေ၏ ။

ရွှန်းပပနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ထိုင်နေသော အသက် ငါးဆယ်ကျော် အရွယ်ရှိမည့် ဇနီးမောင်နှံသည်ရွှန်းကိုကြည့်ပြီး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံး နေလိုက် ကြသည်။

ရွှန်း မျက်လုံးများ ပြန်ပွင့်လာသည့် အခါတွင် သူ့ကို ပြုံး တုံ့ တုံ့ကြီး ကြည့်နေသော ထိုဇနီးမောင်နှံ တို့ကို တွေ့ရသည်။

" သမီးလေး တစ်ယောက် တည်း ခရီး ထွက်လာတာလား "

ဝဝ ဖိုင့်ဖိုင့် နှင့် နှစ် လိုဖွယ်ရာ ရုပ်အဆင်းရှိသည့် အမျိုး သမီးက ရွှန်းကို မေးလာသည်။

" ဟုတ်ကဲ့ အန်တီ "

" ဘယ်ကို သွားမလို့လဲဟင် "

"ရွှန်း မန္တလေးကို သွားမှာ ပါ အန်တီ"

" နာမည် လေးက ရွှန်းတဲ့လား "

" ဟုတ်ကဲ့ .....ရွှန်းနာမည် က ရွှန်းပပလှိုင်ပါ၊ အားလုံး ကတော့ ရွှန်းလို့ပဲ ခေါ်ကြတာ များ ပါတယ် "

"နာမည် လေးကလဲ ချစ်စရာ၊ လူကလေးကလဲ ချစ်စရာ လေးနော် .... ကိုသော င်း "

" ဟုတ်တယ် န "

သဘောမနော ကောင်းလှသော ဇနီး မောင်နှံ နှင့် ရွှန်း ခရီးသွားဖော် ဖြစ်ခဲ့သည်။

သူ့ အစားအစာ ကိုယ့်ကိုကျွေး၊ ကိုယ့် အစားအစာ သူ့ကို ကျွေးနှင့် ခရီးသွားရသည်မှာ သိပ်ကို အဆင်ပြေ နေပါသည်။

တောင်ငူ ဘူတာသို့ ရောက်သည့်အခါတွင် လပ်နေသော ရွှန်း၏ ဘေးထိုင်ခုံတွင် လူရောက်လာသည်။

အသက်အရွယ်ကြီးသူ အမျိုး သားကြီး တစ်ယောက် ဖြစ်သည်။

အလိုက်သိသော ဒေါ်နုက သူ့ထိုင်ခုံနှင့် နောက်တက်လာသူ အမျိုး သားကြီး အား နေရာချင်း လဲပေးလိုက် သည်။

ခရီးသွားဖော်ချင်း တစ်ဦးကို တစ်ဦး ယိုင်းပင်းကူညီမှု ရှိလှသဖြင့် ရွှေမန်းဆီသို့ သွားသော ရွှန်း၏ ခရီးစဉ်ကလေးမှာ သာယာအေးချမ်းလှပါတော့သည်။

♥♥♥

## သုံး။

ရွှေမန်း ဘူတာကြီးဆီသို့ မီးရထားကြီးသည် အချိန်မှန် အတိုင်း ဝင်ရောက်လာခဲ့ပါသည်။

ရွှန်းက သူ့ ပစ္စည်း ပစ္စယ ကလေးများ ကို စုစည်းလိုက်သည်။

"ရွှန်းရေ ... အန်တီနု ပေးထားတဲ့ လိပ်စာကို ပျောက်မပစ်နဲ့နော်၊ ရန်ကုန်မပြင်ခင် လာလည်ပါ၊ အိမ်က သမီးလေးတွေ သားတွေ နဲ့လဲ သိရအောင်လို့ "

" ဟုတ်ကဲ့၊ ရွှန်း လာလည်မှာ ပါ အန်တီနု "

" နရေ ကိုဘသော် ရောက်နေပြီ"

" ကဲ ....ရွှန်းရေ ... အန်တီနုတို့ သွားတော့မယ်၊ အိမ်က အကြိုရောက်နေပြီ"

" ဟုတ်ကဲ့၊ ဟုတ်ကဲ့ အန်တီနု "

ခရီး အဆုံးသို့ ရောက်ပြီမို့ အကြိုလာသူကလာ ၊ ကိုယ့်ဘာသာကိုယ် လိုရာခရီးဆက်သူ တွေ က ဆက်နှင့် ဘူတာထဲတွင် ရွှန်းနှင့် လူကျိုး ကျိုး ကျဲကျဲသာ ကျန်တော့သည်။

ရွှန်းမှာ လည်း သူငယ်ချင်း အေးမွန်စံကို ရှာရသည်မှာ လည်ပင်းကလေးကို ရှည်ထွက်လာသယောင် ထင်ရသည်။

"မိအေးမွန်ကလဲ ရထားဆိုက်မယ့် အချိန်သိရက်နဲ့ လာကြိုတာ နောက်ကျရတယ်လို့"

ရွှန်း တစ်ယောက် မျက်နှာကလေး သုန်မှု န်ကာ နှုတ်ခမ်းကလေးကို စူလိုက်မိစဉ် သူ့ အနီးသို့ အမျိုး သားကြီး တစ်ဦး ချဉ်းကပ်လာသည်။

" ရန်ကုန်က ရွှန်းပပလှိုင် ဆိုတာလားကွယ့် "

ချဉ်းကပ်လာသော အမျိုး သားကြီးက သူမကို မေးလိုက်သည်။

" ဟုတ်ပါတယ် "

ရွှန်းက ထိုအမျိုး သားကြီးကို အကဲခတ်ရင်း ပြန်ဖြေလိုက်သည်။

" မအေးမွန်စံ ကောက်ကာ ငင်ကာ သူ့ ကလေး နေမကောင်းလို့၊ ဦးလေးကို အကြိုလွှတ်လိုက်ပါတယ်၊ ဦးနာမည် က ဦးချူ ပါ၊ အေးမွန်စံရဲ့ ယာဉ်မောင်းပဲ၊ ကလေးမ

ပစ္စည်းတွေ က ဒါ အကုန်ပဲလားဟင် ”

“ ဟုတ်ပါတယ် ဦးလေး၊ အို .... နေပါ၊ ရွှန်း သယ်ပါ့မယ် ”

“ မဟုတ်တာကွယ်၊ ဦးချူ သယ်ပါ့မယ်၊ ကလေးမ ပေါ့ပေါ့ပါးပါး အဲဟို ခြင်းကိုပဲသယ်၊ ကားက ဟိုး ရှေ့နားမှာ ရပ်ထားတယ် ”

ဦးချူ က ရွှန်း၏ သားရေအိတ်ကြီးကို ဆွဲကာ ရှေ့က လျှောက်သွားသည်မို့ ရွှန်းလည်း ပလတ်စတစ်ခြင်းတောင်း နှင့် ကြွပ်ကြွပ် အိတ်နှင့် ထည့်ထားသော မုန့်ထုပ်ကို ဆွဲကာ သူ့ နောက်သို့ ထက်ကြပ် မကွာ လိုက်ခဲ့ပါသည်။

မကြာမီ အက်စ်အီးကား အဖြူရောင် ကလေး ရပ်တံ့ထားရာသို့ ရောက်ခဲ့ကြသည်။

ဦးချူ သည် ကားနောက်ဖုံးကို ဖွင့်ပြီး ရွှန်း၏ ပစ္စည်းပစ္စယများ ကို စံနစ်တကျ ထည့်သိုပေးပြီး ရွှန်း အတွက် ကားနောက်ခန်း တံခါးကို ဖွင့်ပေးလိုက် သည်။

ရွှန်းလဲ ကားပေါ်သို့ တက်၍ အခန့်သား ထိုင်လိုက်သည်။

“ မိအေးမွှန် တစ်ယောက် တယ်ထောဖော နေပါလား အက်စ်အီးတွေ ဘာတွေ တောင် စီးနေနိုင်ပြီပဲ၊ သူတို့က အရောင် ႏ အဝယ် သိပ် ကောင်းနေကြတယ်နဲ့ တူတယ်၊ အင်း ... သူတို့ အတွက် ငါ သိပ်ဝမ်းသာတယ်”

အိမ်ထောင်ကျမှ ပြည့်ပြည့်စုံစုံ ဖြစ်လာသော ငယ်သူငယ်ချင်း အေးမွှန်စံအကြောင်း တွေးမိရင်း ရွှန်းမှာ အေးမွှန်စံ အတွက် တကယ်ပင် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရသည်။

“လူ့ ဘဝကြီးများ တယ်ဆန်းတာပဲကိုး၊ ငါ့ ဘဝ ပြည့်ပြည့်စုံစုံနဲ့ အလှုံပယ် နေနိုင်တဲ့ အချိန်တုန်းက အေးမွှန်စံတို့ မိသားစုဟာ သူတို့ အဖေရတဲ့ လခလေးနဲ့ မနည်း လောက်အောင် စားနေခဲ့ရတာ ၊ ခုများ ကျတော့ သူ့ဘဝက ချမ်းသာ ပြည့်စုံပြီး ငါ့ဘဝ ကတော့ မနည်းကြိုး စား ရုန်းကန်နေရတယ်၊ အင်းလျားလမ်းက အိမ်ကြီးမှာ ဣန္ဒြေမပျက် နေနေရတာ

ကိုနေ့ကြောင့်၊ နို့မဟုတ်ရင် ဘယ်နေရာကို ငါတို့ သားအမိတစ်တွေ လွင့်သွားမယ် မသိဘူး”

တစ်ချိန်က သူနှင့် အေးမွန်စံ တို့၏ ဘဝအကြောင်းများ ဆီသို့ ရွှန်း၏ အတွေးများ ရောက်ရှိသွားသည်။

ထို အတွေးများ တွင် ရွှန်း တစ်ယောက် မည် မျှကြာအောင် တွေးတောနစ်မြုပ်သွားမိသည် မသိ၊ ရွှန်း ပြန်သတိဝင်လာတော့ ရွှန်း၏ လှပသော မျက်ဝန်းကလေးများ ပြူးကျယ် ဝိုင်းလည်သွားကြတော့သည်။

“ဟင် ... ဒါ ... ဒါ ဘယ်ကို သွားနေတာလဲ”

တောင်ပေါ်လမ်း တစ်ခုကို သူ စီးနေသော ကားလေးက တက်နေသည်။

သည်မှာ တင် ရွှန်း သိလိုက်ပါသည်။ မိမိသွားနေသော ခရီးမှာ ပြင်ဦးလွင်ဆီသို့ မှန်း ...

“ဒီမှာ ဦးချူး ရွှန်းကို ဘယ်ခေါ်သွားနေတာလဲ၊ ရှင်က အေးမွန်စံ လွှတ်လိုက်တဲ့ လူဆိုတာ ဟုတ်မှ ဟုတ်ရဲ့ လား ဟင် ...ရွှန်းကိုများ လူမှား ပြီး ခေါ်လာတာလား”

“ဟုတ်ပါတယ်၊ မင်း သူငယ်ချင်း အေးမွန်စံ မင်းကို ကြိုခိုင်းလိုက်တဲ့၊ လူပါ ဦးချူး လူမှား ခေါ်လာတာ မဟုတ်ပါဘူး ရွှန်းပပလှိုင်”

ရွှန်း မျက်မှော င်ကလေးများ ကုပ်ပြီး ဦးချူး ကို ကြည့်လိုက်သည်။

ဦးချူး ၏ မျက်နှာကြီးက အေးအေးတည်ငြိမ်နေသည်။ သံသယ ဖြစ်စရာ ဘာတစ်ခုမျှမတွေ့ရ ....

“အေးမွန်စံက မန္တလေး နန်းရှေ့ရပ်မှာ နေတာပါ၊ ဦးချူး ခုမောင်းနေတာက ပြင်ဦးလွင်ကိုပဲ”

“ဟုတ်ပါတယ်၊ သူက မင်းကို ပြင်ဦးလွင်ကို ခေါ်လာခိုင်းတာပါ သူ ဟိုမှာ ရောက်နေပါတယ်”

"ရှင် ..... အေးမွန်စံက ပြင်ဦးလွင်မှာ ရောက်နေတယ် ဟုတ်လား"

"အင်း ..."

ဦးချူး တည်ငြိမ်စွာ ဖြေပြီး ကားကို ဂရုစိုက်မောင်းနှင်နေ၏ ။

"ဟား ...."

ရွှန်းသည် ကားထိုင်ခုံနောက်မှီကိုကျောကို ကပ်၍ ခပ်လျော့လျော့ ကလေးထိုင်ပြီး မျက်လုံးများ ကို မှိတ်ထားလိုက်သည်။

"မိန်းမ တော် တော် ပဟေဠိ လုပ်ချင်တယ်၊ ငါ့ကို ဖုန်းဆက်တုန်းက ပြင်ဦးလွင်ကို တစ်ခါတည်း သွားမယ်လို့ မပြောပါဘူး။ သူ ..... ဟိုမှာ ရှိနေတယ်လို့လဲ မပြောပါဘူး။ မပြောမဆို စီစဉ်လိုက်ပုံကြီးက လူ့ကိုး တုန်လှုပ်သွားတာပဲ ....."

"တွေ့မှ သိမယ် ... ဟင်း"

သံသယကင်းလွန်းစွာ ဖြင့် ရွှန်းသည် တောင်တက်လမ်း၏ ကားလမ်းဘေး သဘာဝ အလှအပများ ကို ရှုစားခံစားရင်း လိုက်ပါလာခဲ့သည်။

ခရီးဆုံးသို့ ရောက်သည့် အခါတွင် တော့ ဝင်ရိုးတံခါးဖွင့်ထားသော ခြံဝင်း ခြံကြီး၏ ဂိတ်ပေါက်အနီးတွင် ကားက ရပ်တန့်သွားသည်။

"ကလေးမ ဆင်းပါ"

"ရှင် ....."

"ကလေးမ ဆင်းရမှာ ဒီအိမ်ပဲလေ"

"ရှင် ... ဒါ ... ဒါ ... အေးမွန်စံရဲ့ အိမ်ပဲလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဦးချူး က ဘာ ဖြစ်လို့ ခြံထဲ တစ်ခါတည်း မဝင်တာလဲ"

"ဦးကို ခိုင်းထားတဲ့ လုပ်ရမယ့် တာဝန် ရှိနေသေးလို့ပါ၊ ဆင်သွားရမှာ မို့ပါ"

ဦးချူ က ကားနောက်ဖုံးထဲက ရွှန်း၏ လက်ဆွဲသေတ္တာကိုထုတ်၍ ရွှန်း၏ အနီးတွင် ချထားပေးပြီး ကားကို မောင်းထွက် သွားပါတော့သည်။

ရွှန်းသည် လှမ်းတွေ့လိုက်ရသော အိမ်ကြီးဆီသို့ ကြည့်လိုက်၊ ထွက်သွားသော ကားကို ကြည့်လိုက်နှင့် သံသယ စိတ်များ ဦးခေါင်းထဲသို့ စုပြုံဝင်လာတော့သည်။

"ဒုက္ခပဲ၊ ငါ ရောက်လာတာ အေးမွှန်စံဆီမှ ဟုတ်ရဲ့ လား မသိဘူး"

ဘာလုပ်ရမှန်း မသိ၊ အချိန် အတန် ကြာအောင် ရပ်နေပြီးမှ ........

" အို ဒီအထိရောက်လာမှတော့ ဒီအိမ်ထဲ ဝင်ဖို့ပဲ လိုတော့တယ်၊ ပြောနေကြာတယ်ဟာ"

စိတ်မြန်လက်မြန် ရှိ၍ အကြောက်အလန့် အလွန်နည်းတတ်သော ရွှန်းသည် သူ့ပစ္စည်း ပစ္စယတွေ ကို ကောက်ဆွဲပြီး ခြံဝင်းကြီးထဲသို့ ဝင်ခဲ့တော့သည်။

အလွန်လှပသော ခြံကြီးနှင့် နှစ် ထပ်တိုက် အိမ်ကြီး၏ ဆွဲဆောင်မှု များ တွင် နစ်မွန်းသွားမိသဖြင့် စောစောကဝင်နေသော သံသယစိတ်များ ဘေးသို့ ဖယ်ထားလိုက်သည် ကဲ့သို့ ရှိ၏ ။

"အိမ်ကြီးက လည်း လှလိုက်တာ၊ ပန်းတွေ ကလဲ လှလိုက်တာ အမျိုး ကိုစုံနေတာပဲ၊ ဒါ ... အေးမွှန်ရဲ့ ဇိမ်စံအိမ်ကြီးများ လား၊ ခုလို ပူပြင်းတဲ့ နွေရာသီတွေ မှာ အေးမွှန် ဒီကို လာပြီး အနားယူများ လား။ အင်း .... အေးမွှန် က ပြောပါတယ်၊ ငါ့ကို သူ့ဆီက မပြန်ချင်အောင်ကို ပြုစုပစ်လိုက်မယ်ဆိုတာ၊ ဒီကို ခေါ်ထားဖို့ စိတ်ကူးပြီး ပြောတာများ လား"

ကြက်ဥနှစ် ရောင် သုတ်ဆေးတို့ဖြင့် လှပနေသော အိမ်ကြီးဆီသို့ တရွေ့ရွေ့ တထွေးထွေးနှင့် ရွှန်း ရောက်လာခဲ့ပါသည်။

"ဟင်"

အိမ်ရှေ့ တိုက်နံရံတွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်နှင့် စာတန်းကလေးကို ရွှန်း

ဖတ်မိလိုက်သည့်အခါ အံ့ဩလွန်း၍ ရွှန်းတစ်ကိုယ်လုံး တုန်လှုပ်သွားရသည်။

"ရွှန်းပပ ရိပ်မြို့"

"ဝမ်းမြောက်ဝမ်းသာ ရွှန်းကို ကြိုဆိုပါတယ်"

"ရွှန်းပပရိပ်မြို့တဲ့၊ ဒါ ... ဒီတိုက်ကြီးရဲ့ နာမည် ပဲ၊ ဒီတိုက်ကြီးကို အေးမွန်စံက ရွှန်းပပရိပ်မြို့လို့ ပေးထားသလား၊ ဟင့်အင်း .... ဒါ မ ဖြစ်နိုင်ဘူး ... လုံးဝ မ ဖြစ်နိုင်ဘူး၊ ပေးခြင်းပေး သူ သိပ်ချစ်တဲ့ သမီးလေး သဉ္စာဖြူရဲ့ နာမည် ကိုပဲ ပေးလိမ့်မပေါ့၊ အောက်က ဝမ်းမြောက်ဝမ်းသာ ရွှန်းကို ကြိုဆိုပါတယ်ဆိုတဲ့ စာတန်း ကတော့ ထားပါတော့၊ ငါ လက်ခံနိုင်စရာရှိပါတယ်။ ဒီဆိုင်းဘုတ်က စာ ကတော့ ဖြစ်ကို မ ဖြစ်နိုင်ဘူးလို့ ထင်တာပဲ၊ မိအေးမွန် ငါ့ကို အကျီစား သန်နေတာပဲ ဖြစ်ရမယ်"

ရွှန်းသည် ဟင်းလင်းပွင့်နေသော အိမ်ဝင်းတံခါးမကြီးထဲကို လှမ်းကြည့်ပြီး အထဲကို မဝင်သေးဘဲ မျက်မှောင်ကြုတ်ကာ တွေးနေသည်။

လူသံ သူသံက တိတ်ဆိတ်လွန်းနေ၏ ။

တစ်ခြံလုံးတွင် ကျေးငှက်ကလေးများ ၏ ခွန်းချိုသံများ ကိုသာ ကြားနေရသည်။

"ကြည့်စမ်း၊ အိမ်တံခါးကြီး ဟင်းလင်း ဖွင့်ထားပြီး လူသူလဲ တစ်ယောက် မှ မတွေ့ရပါလား၊ အဲ့သလို အခြေအနေမျိုး တွေ့ရလေလေ ငါက အသည်းယားလေလေပဲ၊ အင်း ... မှတ်မှတ်ရရ ရှိပါသေးတယ်။ ငယ်ငယ်တုန်းက လူကြီးတွေ မသိအောင် ငါနဲ့ မိအေးမွန် တိုက်အို တိုက်ပျက်ကြီး တစ်ခုထဲ ခိုးဝင်ခဲ့ကြသေးတာကိုး......"

ရွှန်းသည် အတိတ်က အကြောင်းတစ်ခုကို တွေးမိပြီး နှစ် နှစ် ကာကာ တစ်ချက် ပြုံး လိုက်သည်။

ထို့နောက်မှ ....

ရွှန်းပပ ရိပ်မြို့ဟု အမည် သထားသော အိမ်ကြီးထဲသို့ လှမ်းဝင်လိုက်တော့သည်။

မြေအောက် ဧည့်ခန်း လှေကားမှ တဖြည်းဖြည်း ဆင်းခဲ့သည့်တွင် ဧည့်ခန်း နံရံ တစ်ခုလုံးနှင့် စန္ဒရား၊ ရှိုး ကေ့စ်ဆက်တီ စားပွဲ စသည်တို့ အပေါ်၌ တင်ထားသော မြောက်များ လှစွာ သည့် သူ့ဓာတ်ပုံများ ကို ရွှန်း တစ်ယောက် စတင် တွေ့ရှိပါတော့သည်။

"ဟင် ....."

ရွှန်းသည် သူ့လက်ထဲ ပစ္စည်း ပစ္စယများ ကို လှေကားရင်းတွင် ဆတ်ခနဲ ချထားခဲ့ပြီး ဓာတ်ပုံများ ဆီသို့ လျင်မြန်စွာ ချဉ်းကပ် သွားလိုက်သည်။

ငယ်စဉ်မှ အသက်အရွယ် အပိုင်းအခြားအလိုက် ရိုက်ထားသော ရွှန်း၏

ဓာတ်ပုံများ .....

ဘယ်လောက်များ မျိုး စုံလိုက်သလဲဆိုလျှင် ရွှန်းမကြာသေးခင်ကမှ ရခဲ့သော ဒဂုဏ် လုယဉ်ကျေးမယ် ရသည့်ပုံကိုပင် တွေ့မြင်လိုက်ရသည်။

ရွှန်းသည် ထိုဓာတ်ပုံကြီးကို ဆက်တီ စားပွဲပေါ်မှ ဆတ်ခနဲ ကောက်ယူပြီး အံ့သြခြင်း ကြီးမားလှစွာ ဖြင့် ကြည့်လိုက်မိသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ၊ ဒါတစ်ခုခုတော့ တစ်ခုခုပဲ၊ ငါ့ ဓာတ်ပုံတွေ ဒီလောက်မျိုး စုံအောင် အေးမွန်ဆီမှာ ရှိကိုး မရှိနိုင်ဘူး၊ မသကာရှိလှ တစ်ပုံနှစ် ပုံလောက်ပဲ ဖြစ်ရမှာ ပေါ့ ......

"ခုတော့ ... မတရားကြီးကို ရှိနေတာပဲ၊ ကြည့်စမ်းပါဦး တချို့ဆိုရင် ငါဘာသာ ငါ ဘယ်တုန်းက ရိုက်ထားမှန်း မသိတဲ့ ပုံတွေ ....."

ရွှန်းသည် သူ့လက်ထဲက ဓာတ်ပုံကြီးကို နေရာတွင် ပြန်ချထားလိုက်ပြီး သွက်လျင်သော ခြေလှမ်းများ ဖြင့် ဧည့်ခန်း တစ်ခုလုံးကို လှည့်ပတ်ကြည့်သည့်တွင် လှေကားလှလှကလေး တစ်ခုဆီသို့ ရောက်ရှိသွားသည်။

ထိုလှေကားပေါ် ရွှန်း အပြေးကလေး တက်လိုက်သည့်တွင် ဟင်းလင်းပွင့်နေသော တံခါးမှ သစ်ခွပန်းတွေ အရောင် အသွေး စုံလင်စွာ ပွင့်နေသော

စနစ်တကျစိုက်ပျိုး ထားသည့် သစ်ခွ ဥယျာဉ်ကြီးကို တွေ့မြင်လိုက်ရသည်။

ရင်သပ် ရှုမောမိပြီး ရွှန်းသည် သစ်ခွပင်ကြီး တစ်ခုလုံးကို ဖြည်းညင်းစွာ သော ခြေလှမ်းများ ဖြင့် လိုက်ကြည့်လာမိသည့်တွင် တစ်နေရာအရောက်တွင် တော့ သူ့ဘက်ကို ကျောပေး ထိုင်ပေးနေသော လူ တစ်ယောက် ကို စတီးပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် တွေ့မြင် လိုက်ရသည်။ သူ့ နံဘေး၏ စားပွဲလှလှကလေးပေါ်တွင် ဂျော်နီဝါးကား၊ အရက်ပုလင်း၊ ရေတကောင်း တစ်လုံး ဆော်ဒါ၊ ပုလင်းများ နှင့် ဖန်ခွက်လှလှ တစ်လုံး၊ ယမကာပါသော ဖန်ခွက်ကို လက်တစ်ဘက်က ဆုပ်ကိုင်ထားနေ၏ ။ သူ့လက်တွင် ရွှေဟန်းချိန်းကြီးက ဝင်းလက် နေပါသည်။

သစ်ခွပန်းတွေ ထက် ထိုသူကို ရွှန်း ပို၍ စိတ်ဝင်စားသွားခဲ့ပြီး သူ့ထံသို့ လျင်မြန်စွာ ချဉ်းကပ်ခဲ့ပါသည်။

သူ့ နံဘေးကို ရောက်သွားသည့်အခါတွင် သူ့ ဥပမိရုပ်ကို ရွှန်း ပီပြင်စွာ မြင်တွေ့ လိုက် ရသည်။

အသက်အရွယ် လူလတ်ပိုင်းထဲက လူ တစ်ယောက် ၊ သိပ်ကို ဥပမိရုပ် ခန့်ညားလွန်းလှသူ ...

မည်းနက် ပြောင်လက်နေသော လှိုင်းတွန့် ဆံပင်တွေ သူ့နဖူးပြင် ကျယ်ကျယ်ကြီး ပေါ်ကျနေသည်က အလွန် ကြည့်ကောင်းနေ၏ ။

“ဒီမှာ ရှင့် .....”

ရွှန်းက သူ့ကို ခေါ်လိုက်ပါသည်။

တစ်ဘက်သို့ လှည့်ထားသော မျက်နှာ ရွှန်းဘက်သို့ ဖြည်းညှင်းစွာ လှည့်လာ သည်။

ထူထဲ သိပ်သည်းသော မျက်တောင်ကော့ ကြီးများ အောက်က သူ့ မျက်ဝန်းသည် မည်းနက် ရွှန်းလက်နေပါသည်။ ထိုမျက်ဝန်းများ ဖြင့် သူ ရွှန်းကို စူးစိုက် ကြည့်နေ၏ ။

ပိရိထူထဲသော သူ့ နှုတ်ခမ်းက ပြုံး တော့မယောင်ယောင် ထင်ရသော်လည်း တကယ်တော့ ပြုံး နေသည် မဟုတ်။

"ဒါ ... ဒါ ... အေးမွန်စံရဲ့ အိမ်ဟုတ်ပါသလား၊ ဟင်"

"အေးမွန်စံရဲ့ အိမ် မဟုတ်ပါဘူး"

တည်ငြိမ် အေးဆေးစွာ ဖြေလာသော သူ့အသံ အောင်အောင်ကြီးက ရွှန်းကိုယ်ကလေးကို ဆွဲခါလှုပ်ယမ်းလိုက်သည့်ကဲ့သို့ ဖြစ်သွား၏ ။

"ရှင် ... ဒါ ... ဒါဖြင့် ဘယ်သူ့ အိမ်လဲ"

"ဒီအိမ်က ကိုယ့်အိမ်ပါ ရွှန်းလေး"

"ဟင် ... သူ ... သူက ငါ့ကို ရွှန်းလေးလို့ ခေါ်နေပါလား"

ထပ်ဆင့်၍ သူ့ နှုတ်မှ ထွက်လာသော စကားသည် ရွှန်း၏ မျက်လုံးများ ကို ပြူး ကျယ် ဝိုင်းစက်သွားစေသည်။

ထိုသူ၏ အမူအရာ ကတော့ မည် သို့ မှ မထူးခြားပါ။ ကိုယ် အားလုံး ရှင်းပြမှာ ပါ၊ မင်းလေးက အပြင်မှာ ဓာတ်ပုံထဲကထက် ပိုငယ်ပိုနုပြီး သိပ်ကို လှနေတာပါလား ရွှန်းလေးရယ်"

"ဟင်"

ရွှန်းသည် နည်းနည်း လန့်သွားသလို ရှိပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

မျက်လုံးများ ကတော့ ထိုသူထံမှ လုံးဝ မဖယ်ရှား။

"ကိုယ့်ကို မကြောက်ပါနဲ့၊ ကိုယ် မင်းကို ဘယ်လိုမှ အန္တရာယ်ပြုမယ့် လူ မဟုတ်ပါဘူး"

"အို ....ရွှန်းကြောက်တဲ့လူ ဒီကမ္ဘာမှာ မမွေးသေးဘူး" ရွှန်းက ခပ်စွာ စွာ

ပြန်ပြောလိုက်သည်။

"အပင်း ... ပင်း ... ပင်း ... ဟုတ်ပါတယ်လေ၊ အဲသလို မကြောက်တတ် မရွံ့တတ်တဲ့စိတ်၊ ဘာကိုမဆို စူးစမ်းချင်တဲ့ စိတ်တွေ မင်းလေးမှာ ရှိလို့လဲ ဒီရွှန်းပပရိပ်မြုံကို မင်းရောက်လာဖို့ ကိုယ် ကြားဖြတ် စီစဉ်ရတာ သိပ်မခဲယဉ်းခဲ့တာပေါ့"

"ရှင် ဘယ်သူလဲ၊ ရှင် ဘာသဘောနဲ့ ရွှန်းကို ဒီကို ရောက်အောင် ခေါ်လာတာလဲ၊ ရွှန်းဓာတ်ပုံတွေ ရှင် ဘယ်က ရသလဲ ရှင်"

"အို ... အို ... မေးခွန်းတွေ များ လှချည်လား ရွှန်းလေးရဲ့ ၊ မင်း မောနေပုံ့မယ်၊ ဖြည်းဖြည်းမေးပါ၊ မင်း မေးခွန်းတွေ ကို ကိုယ်တစ်ခုချင်း၊ ပြည့်စုံအောင် အဖြေပေးမှာ ပါ"

" ဟား .... "

ရွှန်း လက်မချလိုက်ပြီး တည်ကြည် ခန့်ညားလွန်းသူကြီး၏ မျက်နှာကို ကြည့်လိုက်သည်။

သူက လက်ထဲက ယမကာ ခွက်ထဲသို့ ဆိုဒါ အနည်းငယ် လောင်းထည့်ပြီး ရွှန်း၏ မျက်နှာကလေးကို သူက ကြည့်လာပြန်သည်။

"ထိုင်ပါ ရွှန်း၊ ကိုယ့်အိမ်မှာ သက်သောင့်သက်သာ နေပါ"

"အို .... မနေနိုင်ပါဘူး၊ ရှင့်ကိုလဲ ရွှန်း မသိဘူး၊ သိလဲ မသိချင်ဘူး၊ ရွှန်းမှာ ဒီက အမြန်ဆုံး ထွက်သွားဖို့ပဲ ဆန္ဒ ရှိတယ်"

"ဒီလို မရဘူးလေ ရွှန်းလေးရဲ့ ၊ ရွှန်းပပ ရိပ်မြုံထဲကို ရောက်လာမှတော့ ကိုယ် ဘယ်သူဆိုတာ ရွှန်း သိသွားသင့်တာပေါ့၊ ရွှန်းနဲ့လဲ ဘယ်လို ပတ်သက်နေတယ် ဆိုတာ ရွှန်း သိရမယ်လေ။ ခုနကပဲ ရွှန်း လဲပေါင်းများ စွာ နဲ့ ကိုယ့်ကို မေးခွန်း ထုတ်ခဲ့တယ် မဟုတ်လား၊ ကျေးဇူးပြုပြီး ထိုင်ပါ ရွှန်းလေးရယ်၊ ကိုယ်တောင်းပန်ပါတယ်ကွာ ...."

"ရွှန်းရဲ့ မေးခွန်းတွေ ကို ဖြေချင်လွန်းလို့ ပါ"

မှုန်တင်းတင်း သူ့ကို ကြည့်နေသော ရွှန်းသည် သူ့စကားများ အဆုံးတွင် ငိုင်တွေ

တွေ ကလေး ဖြစ်လာသည်။

"ထိုင်ပါ ရွှန်းလေး .... ထိုင်ပါ"

သံပန်း ကုလားထိုင် ဖြူဖြူကလေးကို ထိုသူက ရွှန်းထံသို့ ဆွဲရွှေ့ပေးလိုက်သည်။

ရွှန်းသည် ထိုကုလားထိုင်တွင် ထိုင်မိသွားသည်။

ထိုလူစိမ်း လူဆန်းသည် သူ့လက်ထဲက ဖန်ခွက်ထဲတွင် ရှိနေသော လက်သုံးလုံးခန့် အဖျော်ကာရည်ကို တစ်ရှိန်ထိုး မော့သောက်လိုက်ပြီး "ဒေါက်" ခနဲ အသံမြည်အောင် ဖန်ခွက်ကို စားပွဲပေါ်သို့ ခပ်ဆောင့်ဆောင့် ချလိုက်သည်။

ပြီးမှ ....

သူ့ကို စူးစိုက်ကြည့်နေသော ရွှန်း၏ မျက်လုံးများ ကို တုံ့ပြန် ကြည့်ရှု့လာသည်။

"ရွှန်းလေးရယ်၊ ရွှန်းလေးကို ကိုယ် ခုလို တွေ့ရဖို့ အခွင့်အရေး ကို နှစ် နဲ့ချီပြီး စောင့်ဆိုင်းနေရပါဆိုရင် ရွှန်းကလေး ယုံနိုင်မလား ဟင်"

"ဟင် ... ရှင် .... ရှင် .... ဘာတွေ ပြောနေတာလဲ၊ ရှင်က ဘာကိစ္စနဲ့ ရွှန်းကို စောင့်နေရတာ လဲ၊ ရှင် ပြောတာ ရွှန်း တစ်ခုမှ နားလည်ဘူး၊ ရှင့်ကိုလဲ မသိဘူး"

"ဟုတ်ပါတယ်၊ ရွှန်းလေး ကတော့ ကိုယ့်ကို မသိဘူး ဆိုတာ ဖြစ်နိုင်ပါတယ်၊ အင်း ...ရွှန်းလေးရယ် ကြောက်ကြောက် လန့်လန့် နဲ့ ရွှန်းလေးကို ရင်မဆိုင်ရဲလို့ ဒီ သစ်ခွဥယျာဉ်ထဲ လာနေ နေတာ၊ အဟင်း ... ပြန် စဉ်းစားကြည့်တော့ ကိုယ့် အ ဖြစ်က ရူးသလိုလို၊ ကြောင် သလိုလိုနဲ့"

"ရှင် ... ရှင် စိတ်တော့ ကောင်းပါတယ်နော် ...."

"ရှင့်ကို ကြည့်ရတာ တစ်မျိုး ကြီးပဲ"

"အဟင်း ... ဟုတ်လား၊ ကိုယ့်ကို ကြည့်ရတာ တစ်မျိုး ကြီးပဲ ဟုတ်လား၊ ဟင်း ...

ဟုတ်မှာ ပေါ့လေ၊ ကိုယ်က အိပ်မက် ကမ္ဘာထဲက ရွှေမင်းသမီးကလေးကို စိတ်ကူးယဉ်ပြီး ချစ်ကြိုး သွယ်နေမိတာ နှစ် တွေ နည်းမှ မနည်းတော့ဘဲ၊ ကိုယ့်ကို အရူးကြီး တစ်ယောက် လို့ မင်းကထင်ရင်လဲ တစ်စိတ် တစ်ပိုင်းတော့ မှန်မယ် ရွှန်းလေး ရေ၊ တစ်စိတ်တစ်ပိုင်းတော့ မှန်မယ်၊ ကိုယ်က အချစ်ရူးသမားကြီးပဲလေ”

“ဒီမှာ ရှင့်၊ လိုရင်း ရောက်အောင်ကို တိုတို ရှင်းရှင်းနဲ့ မြန်မြန် ပြောပါ၊ ရှင့်ရှေ့မှာ ရွှန်းအကြာကြီး ထိုင်ပြီး အချိန် မဖြုန်းနိုင်ဘူး၊ အေးမွှန်ဆီ လှမ်းဖုန်းဆက် မေးလို့ ရွှန်းရောက်နေတာ မတွေ့ရရင် ရွှန်းရဲ့ အမေ ဒက္ခ ရောက်သွားနိုင်တယ်၊ သူက ရောဂါ သည်ရှင့်”

“ကိုယ်သိပါတယ်၊ ရွှန်း ဒေါ်ပပလှိုင်ဟာ ဦးမိုးဟိန်းနဲ့ အတူ ကားမှော က် ခံရပြီးကတည်းက ဦးမိုးဟိန်း နေရာတွင် ပွဲချင်းပြီး ဆုံးခဲ့တယ်၊သူ ကတော့ အောက်ပိုင်း မသန်တဲ့ ရောဂါ အပြင်၊ နှလုံးရော၊ သွေးတိုးရော ဖြစ်နေတယ်။ ခုလို သူ့ သမီးလေး တစ်ယောက် တည်း ထွက်မယ့် ခရီးအတွက်လဲ သူ့မှာ စိတ်မချနိုင်အောင် ဖြစ်နေတယ်၊ အဲ့သလို မဟုတ်လား”

“ရှင် တယ် သိနေပါလား၊ ရှင် ဘယ်သူလဲ၊ ရှင် ဘာသဘောနဲ့ ရွှန်းကို ခုလို ကြားဖြတ် ခေါ်လာတာလဲ”

“ရွှန်းလေးရယ် …ရွှန်းလေးကို ခုလို ကြားဖြတ် ခေါ်လာတဲ့ကိစ္စက လွယ်တဲ့ ကိစ္စများ မှတ်နေသလား၊ ဒါ ရွှန်းကို ပြန်ပေး ဆွဲလာတယ်၊ အလိုမတူဘဲ ကိုယ်က ခိုးလာတယ် စသည် စသည်ဖြင့် ပြဿ နာတွေ အကျယ်ကြီး ဖြစ်သွားနိုင်တဲ့ ကိစ္စပါ၊ ကိုယ် ဒီလိုမ ဖြစ်ရအောင် ထောင့်စေ့အောင်တော့ ကြိုး စား လုပ်ခဲ့တာ ပါပဲ၊ ခုဆိုရင် ရွှန်းလေးရဲ့ အချစ်ဆုံး သူငယ်ချင်း မအေးမွှန်စံဟာ ကိုနေမျိုး ဇော်နဲ့ ရွှန်း လိုက်သွားပြီး သူ့ဆီကို နောက်မှလာမယ့်အကြောင်း ”

“ဝှန်း …..”

“ရှင် …. ရှင် … ဘာ စကား ပြောတာလဲ၊ နေမျိုး ဇော် အကြောင်း ရှင်

ဘာသိလို့လဲ၊ သူများ သိက္ခာကျအောင် ရှင် ရှင် ... လုပ်တာ ရှင် လူယုတ်မာပဲ”

ရွှန်းသည် ရုတ်တရက် ထ ရပ်လိုက်ပြီး လက်သီး နှစ် ဘက် ကျစ်ကျစ်ပါအောင် ဆုပ်ကာ ထိုသူစိမ်းကို ဒေါသအမျက် ချောင်းချောင်း ထွက်နေသော မျက်လုံး များ ဖြင့် ကြည့်လိုက်သည်။

“ရွှန်းလေးနဲ့ ပတ်သက်ရင် ကိုယ် အားလုံးသိတယ်၊ အို .... အပ်ကျတာကအစ ကိုယ် သိတာချည်းပဲ၊ ဒါကို ရွှန်း မယုံမရှိပါနဲ့၊ ဒီနေရာမှာ တော့ ကိုယ့်ကို ခွင့်လွှတ်ပါလို့ပဲ တောင်းပန်ပါရစေ ရွှန်းလေးရယ်၊ ဒီလိုမှ ရွှန်းလေးကို ခေါ်မထုတ်လာရင် ရွှန်းနဲ့ ကိုယ် ခုလို အေးအေးဆေးဆေး တွေ့ခွင့်ရမှာ မဟုတ်တော့လို့ပါ၊ ကိုယ့်ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ လုပ်ရပ်ကို ရွှန်းလေး ခွင့်လွှတ်နိုင်အောင် ကြိုး စားပါလို့ တောင်းပန်ပါရစေ ရွှန်းလေးရယ်”

တုန်ယင်နေသော အသံများ ဖြင့် ရွှန်းကို သူက တောင်းပန်ရင် ခေါင်းငုံ့ ကျသွားသည်။

သို့ သော် သူ့ လက် ကတော့ ပုလင်းထဲက အရက်တွေ ကို ဖန်ခွက်ထဲသို့ လောင်းချပြီး ကောက်ယူလိုက်သည်။

ရွှန်းသည် ဒေါသ ဖြစ် ဖြစ်နှင့် သူ့ ပါးစပ် နားသို့ ရောက်လုသွားသော အရက်ခွက်ကို သူ့ လက်ဖြင့် တအား လွှဲရိုက်ပစ်လိုက်သည်။

အရက်ခွက်သည် ထိုသူ၏ လက်မှ လွတ်ထွက်သွားကာ တမံတလင်း အခင်း၏ တစ်နေရာတွင် အစိပ်စိပ် ကွဲသွားတော့သည်။

ထိုသူသည် ဒေါသတွေ အလွန်အကျွံ ထွက်နေသော ရွှန်းကို အသနားခံ ခယသော မျက်လုံးများ ဖြင့် သာ ကြည့်ရှုနေ၏ ။

မတုန်မလှုပ် သူ့ ပုံစံကို ကြည့်ပြီး ရွှန်း တစ်ယောက် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်အောင် ဒေါသတွေ ထွက်နေ၏ ။

“ရှင် ဒီအရက်ကို ရွှန်း ထွက်သွားပြီးမှ အသက်ပါ ထွက်သွားအောင် သောက်

ရတယ်”

“အပဟင်း ... ဟင်း ....ရွှန်းလေးရယ် ၊ ရွှန်းလေး ဒီနေရာက ထွက်သွားတာနဲ့ ကိုယ်လေ ၊ အရက်ဆက်မသောက်ဘဲ လဲသေရင် သေသွားမှာ ပါ၊ ရွှန်းလေး ကိုယ့်အပေါ် မုန်းတီးစက်ဆုပ်သွားပြီ ဆိုတာနဲ့ ကိုယ့် အသက် ကိုယ့် အသည်းဟာ အရက် မသောက်ရဘဲ၊ ဓါးနဲ့ မမွှန်းရဘဲ၊ အဆိပ်မသောက်ရဘဲ၊ အက်ကွဲပြီး သေမှာ ပါကွာ”

“ ရှင် ..... ဘာတွေ ပြောနေတာလဲ၊ ရှင့်ကိုတော့ ရွှန်း နားမလည်နိုင်တော့ဘူး၊ ဟူး .... စိတ်ညစ်လိုက်တာ၊ ဘယ် လိုလူနဲ့ လာတွေ့နေတာလဲ မသိပါဘူး”

“ရွှန်း နားလည်အောင် ကိုယ် ရှင်းပြပါ့မယ်၊ ရွှန်း ကိုယ့်ကို အချိန်ပေးပါ၊ ကိုယ့်စကားတွေ ကို နားထောင်ရင်း ကိုယ့်ဘဝကို နားလည်ပါ၊ ကိုယ့်ကို ခွင့်လွှတ်နိုင်အောင် ကြိုး စားပါ ရွှန်းလေးရယ်နော် .... နော် ....ရွှန်းလေး”

ရွှန်းသည် သူ့ကို ခခယယ တောင်းပန်တိုးလျှိုး မှု တွေ ပြုနေသော အသားညို ချော၊ လူချော၊ လူခန့်ကြီး၏ မျက်နှာလေးကို ကုလားထိုင် နောက်မှီတွင် မှီထားလိုက်သည်။

“ကိုယ့်အကြောင်း ....ရွှန်းလေးရဲ့ အကြောင်း ၊ အားလုံးရဲ့ အကြောင်းတွေ ကို ရွှန်းလေးသိအောင်၊ ရေလည်အောင် ရှင်းပြရမယ်ဆိုရင် ကိုယ်နဲ့ ရွှန်း ဖေဖေ ဦးမိုးဟိန်း ဒီလောကမှာ စတွေ့တဲ့ နေ့ကနေ ပြန်ပြီး ပြောပြရမယ် ရွှန်းလေး”

“ ရှင် .... ”

ရွှန်း၏ ကိုယ်ကလေး မတ်ခနဲ ဖြစ်ပြီး၊ အံ့သြလှစွာ ဖြင့် ထိုလူစိမ်း၏ မျက်နှာကို ကြည့်နေ၏ ။

“ ဟုတ်တယ် ရွှန်းလေးရဲ့ အဲဒီ နေ့ဟာ ကိုယ်တစ်သက်မှာ ဘယ်တော့မှ မေ့ပျောက်လို့ မရတဲ့ နေ့တစ်နေ့ပါပဲ၊ ရွှန်းလေး ဖေဖေဟာ ကိုယ့်ကို ဂေါဝိန်ဆိပ်မှာ တွေ့ခဲ့တာပဲ”

♥ ♥ ♥

လေး။

“ ဟဲ့ ... နင့် ကလေးကို ဒီလိုထားလို့ ဘယ် ဖြစ်မှာ လဲ ဆရာဝန်တော့ပြမှ ဖြစ်မှာ ပေါ့”

“ဟုတ်တယ် ဒီအတိုင်းထားရင် ပစ်စလက်ခတ် ဖြစ်သွား လိမ့်မယ်”

“ဆရာဝန်ဆီ ပို့ကွာ တို့ ပိုက်ဆံ စုပေးမယ်”

ဂေါ်ဝိန်ဆိပ် အညာဆန် သင်္ဘောကြီးနှင့် မနီးမဝေး ဆိပ်ခံပေါ်တွင် ညစ်ထေးနေသော မျက်နှာသုတ်ပဝါကို ခေါင်းပေါင်း၍ ဆယ်နှစ် သား အရွယ်ယောကျ်ားကလေးကို ပွေ့ချီထားသော လူကြီး တစ်ယောက် ကို ဝိုင်းအုံကြည့်နေသော လူတွေ က တစ်ယောက် တစ်ပေါက် ပြောဆိုနေကြ၏ ။

ထိုလူကြီး၏ လက်ထဲတွင် မျက်လုံးကလေးများ မှိတ်ကာ တအင်အင် ညည်းနေသော ကလေးသည် သနားဖွယ်ရာ ဖြစ်နေ၏ ။

ဦးမိုးဟိန်းသည် သူနှင့် ချိန်းဆိုထားသူကို စောင့်ဆိုင်းရင်းက ဝေးဝေးဆီမှ လှမ်းမြင်နေရသော ထိုလူသိုက်ဆီသို့ စူးစမ်းလိုသော စိတ်ဖြင့် ရောက်ရှိခဲ့ပေ၏ ။

နာမကျန်း ဖြစ်နေသော ကလေးကို မျက်ရည်လည်ရွဲနှင့် ကျစ်ကျစ်ပါအောင် ပွေ့ချီထားသူကို တွေ့လိုက်ရလျှင် ဦးမိုးဟိန်းသည် အံ့အားသင့်သွားရ၏ ။

“ဘသာ .... မင်းဘသာ မဟုတ်လား”

ဦးမိုးဟိန်း အသံကို ကြားရလျှင် ကလေးကို ပွေ့ချီထားသော သူသည် လူအုပ်ကြားထဲသို့ ပြူး ပျာသော မျက်လုံးများ ဖြင့် ကြည့်လိုက်သည်တွင် ......

ဦးမိုးဟိန်းကို သူ တွေ့လိုက်ရသည်။

“ဆရာ .... ဆရာမိုး”

"ဘသာ .... ဘသာ ဘယ်လို ဖြစ်ကြတာလဲကွာ၊ သူက ဘယ်သူလဲ၊ မင်းနဲ့ ဘာတော် လဲ၊ ကလေးကလဲ ကိုယ်တွေ ခြစ်ခြစ်တောက် ပူလို့ပါလား"

ဦးမိုးဟိန်းသည် ၊ ဘသာဆိုသူ၏ အနီးတွင် မုဆိုးဒူးထောက် ထိုင်လိုက်ပြီး ကလေး၏ နဖူးကို အသာစမ်းသပ် ကြည့်လိုက်သည်။

"ဆရာ .... ဆရာမိုး၊ ဒါ ... ဒါ ကျွန်တော့် သားလေး နီတွတ်ပါ ... သူ ... သူ သိပ်ဖျားနေပါတယ်"

" ဖြစ်မှ ဖြစ်ရလေ ဘသာရယ်၊ လာ ... လာ မင်းသားကို ပွေ့ခဲ့၊ ဟိုမှာ ငါ့ကားရှိတယ်၊ သူ့ကို ဆရာဝန်ဆီ ခေါ်သွားရအောင်"

ဦးဘသာသည် သားငယ်ကို ပွေ့ချီပြီး ဦးမိုးဟိန်း၏ ကားဆီသို့ ခေါ်ဆောင်လာခဲ့သည်။

ဦးမိုးဟိန်းသည် ဘသာတို့ သားအဖကို ကားနောက်ခန်းတံခါး ဖွင့်ပေးပြီး သူ ကိုယ်တိုင်လည်း ရှေ့ခန်းကို ဖွင့်ကာ ကပျာကယာ ယာဉ်မောင်းခုံတွင် ဝင်ထိုင်လိုက်သည်။

"ဘသာ မင်းလည်း ထွက်သွားလိုက်တာ၊ ငါ့ဆီကို လုံးဝကို မဆက်သွယ်တော့ဘူး"

"ဟုတ် ... ဟုတ်ပါတယ် ဆရာမိုး၊ ဆရာမိုးဆီက ထွက်လာပေမယ့် သမီးလေး ရွှန်းနဲ့ ဆရာမိုးကို ကျွန်တော် တစ်နေ့တစ်ရက်မှ မမေ့ပါဘူးဗျာ၊ ဒါပေမယ့် လူ တစ်ယောက် ကို လူ တစ်ယောက် က အယုံအကြည် ကင်းမဲ့သွားပြီဆိုရင်၊ သူ့ ဘယ့်လောက်ကြီးပဲ ကောင်းတာ လုပ်လုပ် အကောင်း ဘယ်တော့မှ မြင်တော့မှာ မဟုတ်လို့၊ ကျွန်တော် .... ကျွန်တော် ဆရာမ းကို မဆက်သွယ်တော့ပါဗျာ"

"ဟင်း ..."

ဦးမိုးက ရင်ကြီး နိမ့်ကျသွားသည်အထိပင် သက်မကြီး ကို ချလိုက်သည်။

"ဘသာရယ်၊ ငါလဲ အဲဒီ အချိန်က အလုပ်တွေ များ လွန်း၊ ပိလွန်းလို့

စိတ်ရှုပ်နေရတဲ့ ဒီစိန်ဘယက်ပြဿနာ ဝင်ရှုပ်လာတော့ သိပ် ဆင်ခြင်တွေးတောဖို့ အချိန် မရလိုက်ဘူးကွာ၊ မင်း ရှိုးသားတယ်ဆိုတာ ငါ သိပါတယ်၊ သိလို့လဲ မင်းကို ငါ့ဆီမှာ မြဲမြဲမြံမြံနေနိုင်အောင်လို့ အလုပ်ပေးခဲ့တာပဲ မဟုတ်လား ....”

“အင်း .... ဘယ့် လောက်ပဲ ဗီဇစရိုက်ကို ဖုံ ဖုံး နောက်ဆုံးတော့ ပေါ်တာချည်းပါပဲကွာ၊ မင်း ထွက်သွားပြီး မကြာခင်မှာ ပဲ စိန်လက်စွပ်တစ်ကွင်း ထပ်ပျောက်တော့၊ ဒီပစ္စည်းတွေ ကို ခိုးတဲ့ တရားခံဟာ မင်း မဟုတ်ဘဲ ငါ့ ယောက် ဖ စိုးသိန်းလှိုင်ပဲဆိုတာ ငါသိခဲ့ရတာ ပဲ၊ ဒီကောင် သူ့ အစ်မကိုရော၊ ငါ့ကိုရော တော် တော် ဒုက္ခပေးတယ်၊ ဘသာ .....”

ဦးဘသာသည် အလွန် မာနကြီးပြီး မောက်မာလှသော သူဌေးကြီး ဦးမိုးဟိန်း၏ ကတော် ဒေါ်ပပလှိုင်နှင့် သူ၏ မောင် ဖြစ်သူ စိုးသိန်းလှိုင်ကို မျက်စိထဲတွင် မြင်ယောင်လာမိသည်။

ဆရာ ဦးမိုးဟိန်း၏ အရိပ်ကို ခိုခဲ့စဉ်က သူသည် ဆရာ၏ ဇနီးနှင့် ဆရာ၏ ယောက် ဖ ဖြစ်သူ၏ ဒဏ်ကို အလူးအလဲ ခံခဲ့ရပေသည်။

ဆရာ့ကို ခင်လွန်း၍ သူတို့ ဒဏ်ကို အချိန်ကာလ ကြာမြင့်စွာ အလူးအလဲ ခံခဲ့ရသည်။

နောက်ဆုံးတွင် တော့ သူ့ကို မျက်နှာသာ မပေးသော ဒေါ်ပပလှိုင်၏ ဒဏ်နှင့် လောင်းကစား ဝါသနာကြီးလှသော စိုးသိန်းလှိုင်တို့၏ ဒဏ်ကြောင့် သူ့ ခမျာမှာ သူချစ်သော ဆရာသမားကို ပစ်ပြီး ထွက်ပြေးခဲ့ရသည့် ဘဝသို့ ရောက်ခဲ့ရသည်။

ဇနီးသည် မြခင်ထံ ပြန်ပြီး လက်လုပ်လက်စား ရရာအလုပ်ဖြင့် အသက်မွေးကြစဉ် သက်ဆိုးမရှည်သော ဇနီးသည်ခမျာ ဝမ်းလျှော ရောဂါ ဖြင့် ကွယ်လွန်ခဲ့ရသည်။ ဇနီးသည် ဆုံးပြီးသည့်နောက်တွင် တော့ ဦးဘသာသည် သားလက်ကို ဆွဲကာ အညာဆန် သင်္ဘောကြီးပေါ် တက်၍ ကျဘန်း အလုပ်သမားဘဝဖြင့် သူတို့ သားအဖ၏ ဘဝကို ဆက်လက်ရပ်တည်နိုင်ဖို့ ကြိုး စားတော့၏ ။

ဤသို့ နေလာရာမှ သားလေး တွတ်နီ တစ်ယောက် အဖျား ရောဂါ စွဲကပ်လာကာ တစ်နေ့ထက်တစ်နေ့ အခြေအနေဆိုးရွား၍ လာတော့သည်။

သည်နေ့တွင် တော့ အဆိုးရွားဆုံးသော အခြေအနေကို ရောက်ရှိနေချေပြီး သားလေးမှာ သတိလက်လွတ်ပင် ဖြစ်မတတ် ရှိနေချေပြီ။ သင်္ဘောကြီးလဲ ဂေါဝိန်ဆိပ်မှ မကြာမီ ခရီးတစ်ခု စဖို့ ပြန်ထွက်တော့မည် ။

ယခုကဲ့သို့ ကံကောင်းထောက်မစွာ ကူမည့် ကယ်မည့် သူ ရောက်မလာပါလျှင် ဦးဘသာမှာ သားကလေး အတွက် မတွေ းရဲအောင်ပင် ဖြစ်ရသည်။

ဦးဘသာက သားကို ငုံ့ကြည့်နေရာမှ သူ့ ဆရာ၏ မျက်နှာကို ကားနောက်ကြည့်မှန်ထဲမှ ကြည့်လိုက်သည်။

သူ့အား ကြည့်နေသော ဦးမိုးဟိန်း၏ မျက်လုံးများ နှင့် ဆုံမိသွားကြ၏ ။

"ဘသာရယ် မင်းကို ငါ ဒီလို မြင်ရတာ သိပ်စိတ် မကောင်းဘူးကွာ၊ မင်း ငါ နောက်ပြန်လိုက်ခဲ့ပါလား ဟင် ဘသာ"

"ကျွန်တော် .... ကျွန်တော် အညာဆန် သင်္ဘောကြီးမှာ အလုပ်လုပ်ရတာ အဆင်ပြေနေပါတယ် ဆရာမိုး ကျွန်တော် ....."

"အင်းလေ ... မင်းက ပပကို ပြန်ရင်မဆိုင်ချင်တော့ဘူး ဆိုတာ ငါ သဘောပေါက်ပါတယ်၊ ဒါဆိုလဲ မင်းသားလေးကို ငါ့ နောက်ထည့်လိုက်ပါလား ဘသာ ဟင် ....."

"အဟင်း..."

ဘသာထံမှ ရုတ်တရက် ရယ်သံ တစ်ချက်ထွက်သွား၏ ။ ဘသာကို လှမ်းကြည့်တော့ သားကို ပိုမိုတင်းကျပ်စွာ ဖက်ရင်း ငိုမဲ့မဲ့ ပြုံး နေသည်ကို ဦးမိုးဟိန်း တွေ မြင်လိုက်ရသည်။

"ဘသာ မင်း စိတ်ကူးမလွဲပါနဲ့ကွာ၊ အိမ်မှာ ဟိုလူမိုက်လဲ မရှိတော့ဘူး ၊ လွန်ခဲ့တဲ့

နှစ် က မိုးကောင်းဘုရားပွဲမှာ မားထိုးခံလိုက်ရလို့ သေသွားပြီ၊ သူ့ မောင် မရှိတော့ ပပလဲ သိပ်မထောင်နိုင်တော့ဘူး၊ သူက မောင်အားကိုးနဲ့ မောက်မာနေတယ် ဆိုတာ မင်း သိပါတယ်ကွာ”

“ဆရာမိုးရယ် .... ဆရာမိုး ဇနီးက မြခင် ယောကျ်ားလေး မျက်နှာ မြင်ကတည်းက မီးထွက်အောင်တောင် မစောင့်ဘဲ အိမ်က နှင်ထုတ်ခဲ့တာ မှတ်မိသေးသလား ဆရာ၊ သူက သမီးတောင် မရသေးဘူး၊ ကျွန်တော် သားနဲ့ ညီစွန်းမှာ စိုးလို့တဲ့လေ၊ အဲဒီ အချိန်တုန်း ကတော့ မုန့်ဆီကြော် မရှိဘဲ နှုတ်ခမ်းနာနဲ့ ထည့်ပွဲမလားလို့ တင်ကြိုပူပန်နေတဲ့ ဆရာ့ဇနီး အ ဖြစ်က လူရယ်စရာကြီးပဲပေါ့ ဆရာ၊ ခုတော့ ဆရာဇနီးမှာ သည်းသည်းလှုပ် သိပ်ချစ်ရတဲ့ သမီးလေးရနေပြီ မဟုတ်လား၊ ဆရာမိုး စိတ်သော က အရောက်မခံပါနဲ့ဗျာ”

သူ့ စကားအဆုံးတွင် ဦးဘသာသည် သူဦးခေါင်းကို လေးတွဲ စွာ ယမ်းခါလိုက်သည်။

“မဟုတ်သေးဘူး ဘသာ၊ မင်း သိတယ် မဟုတ်လား၊ ငါ သားယောကျ်ားလေး ဘယ့်လောက် လိုချင်တယ် ဘယ့်လောက်ချစ်တယ် ဆိုတာ၊ သူ့ သဘော ဘယ်လို ရှိရှိ၊ ငါတော့ မင်းသားကို မွေးစားချင်တယ်၊ ပညာတတ် ကြီး ဖြစ်အောင် ပြုစုပျိုး ထောင်ပေးချင်တယ်၊ မင်းသားရုပ်လက္ခဏာက ထက်မယ့်ကောင်ကွ၊ အေး ... မင်းခွင့်ပြုရင်ပေါ့ကွာ”

ဦးဘသာ စဉ်းစားလိုက်ပါသည်။

မမာနေသော သည်ကလေး။

မရေရာသော သူ့ အလုပ်အကိုင် နေရာ အခြေတကျမရှိသော သူ့ ဘဝ .....

“ဟင်း ... ဟုတ်ပါတယ်လေ၊ ဆရာမိုး ပြောသလို ငါ့ သားလေး ရုပ်လက္ခဏာက ကြီးပွားချမ်းသာမယ့် ရုပ်၊ ဆရာတော် ကလဲ သူ့ ဇာတာကို ဟောခဲ့တာပဲ၊ ဒါပေမယ့် ငါနဲ့ နေလို့ ကတော့ လူမွေး လူတောင် ပြောင်မှာ မဟုတ်တဲ့ အပြင် ခုများ နေရာကနေ မဆိုကောင်း ဆိုကောင်း တိမ်းပါးသွားရင် ဒုက္ခ ငါ့သားကို ဆရာမိုး နောက်ထည့်လိုက်ရင် ကောင်းမယ် ထင်တယ်”

“ဘသာ၊ ဆင်းတော့ ၊ ဆေးတိုက်ရောက်ပြီ”

ဦးမိုးဟိန်းက ဆေးတိုက်တစ်ခုရှေ့တွင် ကားကို ထိုးရပ်ပြီး ကားပေါ်က ဆင်းကာ ဦးဘသာအတွက် ကားတံခါးကို ဖွင့်ပေးလိုက် သည်။

ဦးဘသာသည်၊ သားကလေးကို ပွေ့ချီကာ ဆေးတိုက်ထဲသို့ ခေါ်ဆောင်လာခဲ့သည်။

ဆရာဝန်သည် ကလေးကို စမ်းသပ် စစ်ဆေးပြီး ကလေးတွင် ငှက်ဖျား ရောဂါ စွဲကပ်နေသည်ဟု ထင်ကြောင်း လိုအပ်သော စစ်ဆေးချက်များ ထပ်မံ ပြုလုပ်ရမည် ဖြစ်ကြောင်းများ ပြောလာ၏ ။

ဦးဘသာ၏ မျက်နှာမှာ ဆီးရွက်ခန့်သာ ရှိတော့သည်။

“ဘသာ၊ မင်း ဘာမှ စိတ်ဓာတ်ကျမနေနဲ့ ကလေး ရောဂါ ပျောက်ဖို့ကသာ အဓိက၊ ကျန်တာ အားလုံး ငါ့တာဝန်ထားလိုက်”

ဦးဘသာ၏ ပခုံးကို ပုတ်၍ ဦးမိုးဟိန်းက ပြောလိုက်သဖြင့် ဦးဘသာ စိတ်အား ပြန်တက်၍ လာသည်။

“ကျေးဇူး ကြီးလှပါတယ် ဆရာမိုးရယ်”

ကလေးအတွက် ဆရာဝန်နှင့် လိုအပ်သည်များ အစီအစဉ် ပြုလုပ်ပြီးသည့် နောက်တွင် ဦးမိုးဟိန်းသည် သူ တည်ခိုးသော ဟိုတယ်ဆီသို့ ဦးဘသာတို့ သား အဖကို ခေါ်ဆောင်လာ ခဲ့သည်။

ငွေကုန်ကြေးကျခံ၍ ကြပ်မတ် ကုသ လိုက်သည့်အခါတွင် တွတ်နီကလေးသည် စွဲကပ်နေသော ရောဂါ ဝေဒနာမှ တစ်စစ ပျောက်ကင်း ချမ်းသာရာရပြီး သိသိသာသာ ကျန်းမာဝဖြိုး လာတော့သည်။

“ဆရာမိုး ... ဟောဒီမှာ သား အဝတ် အစားတွေ ဒီသေတ္တာထဲ ထည့်လိုက်မယ်နော်”

“အေး .... သူ့ ပစ္စည်းမှန်သမျှ ငါ ဝယ်လာပေးတဲ့ သေတ္တာထဲ ထည့်ထားလိုက်၊ ရန်ကုန်ရောက်မှ သူ့ အတွက် ငါ အစစ အရာရာ ကျကျနနန စီစဉ်ပေးမယ်”

“ဟုတ်ကဲ့ .... ဆရာမိုး”

“ကဲ .... မင်းလဲ ခရီးထွက်ဖို့ ပြင်တော့၊ တို့ သားအဖ ခဏနေရင် ခရီးစ ထွက်တော့မှာ ....”

“ဟုတ် .... ဟုတ်ကဲ့ ဆရာမိုး”

“သား ...”

ဦးဘသာက သားကို သူ့ ရင်ခွင်ထဲ ဆွဲသွင်း၍ ဖက်ထားလိုက်သည်။

“ သား ..... ဖေဖေကြီး စကား နားထောင်နော်၊ အစစ အရာရာ ကိုယ့်ဘက်က အမှား မရှိအောင် နေနော်၊ ညီမလေးနဲ့ ရန်ကုန်က မေမေကြီးကိုလဲ ဂရုစိုက်နော်၊ မေမေကြီးက ဘာပြောပြော သည်းညည်း ခံရမယ်နော်၊ သား ကောင်းကောင်းနေရပြီး ပညာတတ်ကြီး ဖြစ်ဖို့ ပြောတာနော်သား”

“ဘသာရယ် ဒါတွေ မှာ မနေနဲ့၊ မင်း သားကို စိတ်ချပြီးသာ ငါနဲ့ ထည့်လိုက်၊ အဆိုးအကောင်း မှန်သမျှ ငါကြည့်ပြီး သွန်သင် ဆုံးမသွားမယ်၊ မင်းလဲ ငါနဲ့ အဆက်အသွယ် ရှိနေမှာ ပါ၊ စိတ်ချစမ်းပါ ..... စိတ်ချစမ်းပါ ဘသာရာ၊ ခင်ဗျားအတွက်လဲမပူနဲ့၊ ကျွန်တော့် အစီအစဉ်အတိုင်း အားလုံး အကောင်အထည် ဖော်ပေးမယ်”

ဦးဘသာ၏ ပခုံးကို တဖုတ်ဖုတ် အသံထွက်အောင် ပုတ်ရင်းက ဦးမိုးဟိန်းက ပြုံး ရယ်ကာ ပြောလိုက်သဖြင့် ဦးဘသာလည်း ရှက်ပြုံး ကြီးပြုံး ကာ သားကို ရင်ခွင်ထဲမှ လွှတ်ပေးလိုက် တော့သည်။

♥ ♥ ♥

လက်တစ်ဘက်က အတက်ချိုကေ့စ်၊ လက်တစ်ဘက်က ဂျင်းဘောင်းဘီ၊ စပို့ရှပ်အကျႌကြက်ဥနှစ် ရောင် ကလေးကို သားသားနားနား ဝတ်ဆင်ထားသော ယောက်ျားကလေးတစ်ဦးကို ဆွဲကာ မျက်နှာပြုံး ပြုံး ကြီးနှင့် အိမ်ပေါ်တက်လာသော ခင်ပွန်းသည်ကို ဒေါ်ပပလှိုင်သည် သမီးငယ်ကို ရင်ခွင်ပိုက်တွင် ထွေး၍ နို့ဘူး တိုက်ကျွေးနေရာမှ အပြုံး များ ဖြင့် ကြည့်လိုက်သည်။

"ဟား ... ဒီတစ်ခေါက်တော့ ကိစ္စတွေ များ လို့ နည်းနည်း ရက်ကြာသွားတယ် မိန်းမရေ၊ ဒါနဲ့ ကိုယ့် သမီးကလေး နေကောင်းရဲ့ လား"

လက်ဆွဲထားသော ကလေးကို လက်က မဖြုတ်သေးဘဲ ဒေါ်ပပလှိုင်၏ အနီးသို့ တိုးကပ်လာကာ သမီးငယ်လေးကို ငုံ့ကြည့်ရင်း ဦးမိုးဟိန်းက မေးလိုက်သည်။

"သမီး နေကောင်းပါတယ် အစ်ကိုကြီးရဲ့ ၊ သုံးလေးရက်ရှိပြီ၊ မိုးမလင်ခင်ထပြီး စူးစူးဝါးဝါး နဲ့ စကားတွေ ပြောနေလို့ ပပ အိပ်ရေး တွေ ပျက်နေရတယ်လေ"

"ဟာ ..... သမီးလေးက စကားတောင် ပြောတတ်နေပါရောလား"

"အို .... အစ်ကိုကြီး လက်ဆေးပြီးမှ သမီးကို ကိုင်လေ၊ ခရီးကပြန်လာတာ အစ်ကိုကြီး ကိုယ်လက်တွေ ဘယ်သန့်မှာ လဲ"

"အဲ .... ဟုတ်သားပဲ၊ ကိုယ်မေ့သွားလို့၊ မင်းလဲ မှတ်ထားနော် အောင်အောင်၊ ညီမလေးကို ကိုင်ချင်ရင် ကိုယ်လက်သန့်ရှင်းမှ ကိုင်ရမယ်"

"ဟုတ်ကဲ့ ဖေဖေကြီး"

"ဘာ ..... ဖေဖေကြီး ဟုတ်လား၊ နေစမ်းပါဦး သူက ဘယ်သူ့ ကလေးလဲ"

ဒေါ်ပပလှိုင်သည် မျက်နှာတွင် အပြုံး ပျောက်ကာ မျက်လုံးကြီးများ ပြူး ပြဲ၍ ကလေးကိုကြည့်ကာ ဦးမိုးဟိန်းအား ခပ်ဆတ်ဆတ် မေးလိုက်သည်။

“ပပက နောက်ထပ် သားသမီး မွေးရမှာ သိပ်ကြောက်သွားပြီဆိုလို့ ကိုယ့်အတွက် အဖော်ရအောင် သားလေး မွေးစားဖို့ ခေါ်ခဲ့တာလေ၊ သူ့နာမည် က ကိုယ်ပေးထားတာ အောင်ထိုက်ဦးတဲ့၊ ချစ်စနိုးခေါ်တဲ့ နာမည် ကတော့ အောင်အောင်ပေါ့”

“ ဘာ … ဒီကလေးကို အစ်ကိုကြီးက မွေးစားဖို့ ခေါ်လာတယ်၊ အစ်ကိုကြီး ဘာတွေ လျှောက်လုပ်လာတာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်၊ ကိုယ် မွေးထားတာကလဲ သမီး မိန်းကလေး ရေရှည်ကို ကြိုမတွေး ့တတ်တာ သိပ်ခက်တာပဲ”

အောင်အောင်လေးက ဦးမိုးဟိန်း၏ မျက်နှာ ကို မျက်နှာငယ်ကလေးဖြင့် မော်ကြည့်နေရှာ၏ ။

“အောင်အောင် ၊ ဖေဖေကြီးတို့ ခြံထဲမှာ ရှဥ့်ကလေးတွေ ရှိတယ်၊ သွားကြည့်ပါလား၊ အိမ်နောက်ဖေးက မန်းကျည်းပင် ပေါ်မှာ ဆိုရင် အများ ကြီးပဲ၊ ခဏနေရင် ဖေဖေကြီး လိုက်လာခဲ့မယ်”

“ဟုတ်ကဲ့ ဖေဖေကြီး”

အောင်အောင်လေးသည် ကျိုး နွံစွာ ဦးမိုးဟိန်း တို့ အနီးမှ ထွက်ခွာလာတော့သည်။

“ဒီမှာ …. ပပ၊ ကိုယ်တို့ အိမ်ထောင်သက် တစ်သက်လုံး မှာ ဘာမဆို မင်း ပြောသမျှကို ကိုယ် လိုက်လျောခဲ့တာချည်းပဲ၊ ဆိုးဆိုး ကောင်းကောင်း မင်းပြောသမျှမင်း လုပ်သမျှကိုယ် ဘာတစ်ခုမှ ပြောခဲ့တာ မရှိခဲ့ဘူး၊ အေး ဒီနေ့ ဒီချိန်အခါမှာ တော့ ငါ သိပ်တောင့်တ လိုချင်တဲ့ သား ယောကျ်ားလေးမျိုး ကိုယ် တွေ့လို့ ကိုယ် မွေးစား လိုက်ပြီ၊ မင်း ဆန္ဒနဲ့မှ မစွန့်လွှတ်နိုင်တော့ဘူး၊ ဒါ မင်း မြဲမြဲ မှတ်ထားလိုက်ပါ ပပ”

ဦးမိုးဟိန်း၏ မျက်နှာတွင် လည်း အပြုံး ပျောက်၍ မာထန်နေသည်။

တစ်သက်နှင့် တစ်ကိုယ် တစ်ခါမျှမမြင်ဖူးသော ခင်ပွန်းသည်၏ မာထန်သော ရုပ်၊ ခင်ပွန်းသည်၏ ပြင်းထန်သော စကားများ ကို ဒေါ်ပပလှိုင် ကြားလိုက်ရသော အခါ ပါးစပ်

အပေါင်းသားနှင့် အတန်ကြာအောင် အုံ့အားသင့် ခဲ့ရသည်။

“မင်းကို သတိပေးထားမယ်၊ အောင်အောင်လေးကို ဘယ်လို စိတ်ဒုက္ခမျိုး မှ မင်း မပေးရဘူး ပပ၊ ကြားလား”

“ရှင် ... ရှင် သိပ်ပြတ်သားနေပါလား”

“အေး ... ဟုတ်တယ်”

“အင်းပေါ့လေ၊ ရှင်မှာ ပြတ်သားနိုင်တဲ့ အခြေအနေကို ပိုင်ဆိုင်နေတဲ့ လူဆိုတော့ ပြတ်သားပေဦးပေါ့၊ ရှင့် ဆန္ဒအတိုင်းလုပ်ခဲ့၊ စီစဉ်ခဲ့တာကို ပပ လုံးဝ ဝင်မပတ်သက်ဘူး၊ စိတ်ချ၊ အမျိုး ကောင်း မကောင်း အချိန် မခါက အဆုံးအဖြတ် ပေးသွားမှာ ပဲ”

“အား ... မင်းက ဒီကလေးကို အမျိုး ကောင်း မဟုတ်ဘူးလို့များ ထင်နေသလား၊ မှာ းသွားမယ်၊ မင်း သိပ် မှာ းသွားမယ်၊ သူ့အမျိုး က မခိုးတတ်ဘူး၊ မလိမ်တတ်ဘူး မညာတတ်ဘူး၊ မဝှက်တတ်ဘူး၊ သစ္စာသမာဓိ ရှိတဲ့ မျိုး ရိုးကွ”

“ဒါ ... ဒါ ... ရှင် ပပကို တမင် ချိုး ပြောတာပဲ”

“ဟေ့ ... ပပ ကိုယ် ခုပြောနေတာ အောင်အောင် အကြောင်းနော်၊ မင်း .... တွေ းချင်ရာတွေ းပြီး အနာပေါ် တုတ်ကျ ဖြစ်မနေနဲ့”

“အစ်ကို စကားတွေ လွန်လာပြီနော်”

“ကိုယ် စပြောတဲ့ စကား မဟုတ်ဘူး၊ မင်း စပြောလို့ ကိုယ် ပြောရတဲ့ စကားပါ ပပ”

“အိုး .... ခရီးရောက်မဆိုက် ဘာတွေ ဖြစ်နေကြတာလဲကွယ်၊ ပပကလဲ ကလေးက ငိုလှပြီ နို့တိုက်မှပေါ့”

လက်သုတ်ပဝါ တစ်ထည်ဖြင့် လက်ကို သုတ်ရင်း အိမ်ရှေ့သို့ ပြေးထွက်လာသော အမျိုး သမီးကြီး တစ်ဦးက ဦးမိုးဟိန်တို့ ဇနီး မောင်နှံ ကြားဝင်လိုက်သည်။

သူက ဦးမိုးဟိန်း၏ ဘဏ္ဍာစိုးကြီး ဒေါ်ရွှေပွင့်ပင် ဖြစ်သည်။

"မတိုက်ချင်ဘူး၊ မနေနိုင်တဲ့လူ တိုက်လိုက်"

ပပလှိုင်သည် သူ့ ပေါင်ပေါ်က ငိုနေသော ကလေးကို ဆိုဖာပေါ်သို့ ချခဲ့ပြီး ခြေဆောင့်နင်းကာ ဧည့်ခန်းထဲမှ ထွက်ခွာသွားတော့သည်။

ဒေါ်ပပလှိုင် တစ်ယောက် စိတ်ကောက် သွားလေပြီ တည်း။

"အင်း ... အဲဒါသာ ကြည့်တော့ ဒေါ်ရွှေပွင့် ရေ၊ ပြောလိုက်ရင်တော့ သမီးလေး သမီးလေး ဆိုတာ ပါးစပ်က မချဘူး၊ လုပ်လိုက်ရင်တော့ တလွဲချည်းပဲ၊ တော် တော် ခက်တဲ့ မိန်းမပဲဗျာ"

"အင်း .... ပပလဲ ခက်တာပဲ၊ ဒီအသက်အရွယ် ဆိုတာ စဉ်းစား ဆင်ခြင်တတ်တဲ့ အရွယ်ပါ"

"ဒီမိန်းမ ကတော့ အသက်တစ်ရာပြည့်လဲ ဆင်ခြင်တုံတရား ရှိမှာ မဟုတ်ဘူး ဒေါ်ရွှေပွင့်၊ ကျွန်တော် သိတယ်၊ ကဲ ... သူ့အကြောင်းအသာထား၊ ကျွန်တော် သားကလေး တစ်ယောက် မွေးစားဖို့ ခေါ်လာတာ၊ ဒီ ကလေးကို ကျွန်တော့် ကွယ်ရာမှာ ဆိုရင် ဒေါ်ရွှေပွင့်ပဲ အစစအရာရာ တာဝန်ယူရမလဲ၊ ဂရုစိုက်ရမယ်နော်"

"ဘယ်မှာ လဲ မင်း ကလေးက ...."

"ခုပဲ ခြံထဲကို ခဏလွှတ်လိုက်တယ်၊ ပပ သူ့ရှေ့မှာ စည်းမရှိ ကမ်းမရှိ ပြောနေတာတွေ မကြားစေချင်လို့"

"ကလေးက ဘယ်အရွယ်လဲ မောင်မိုး"

"ဆယ်နှစ် သားလောက် ရှိပြီ"

"သြော် .... သြော် .... ငယ်သေးတာပဲ"

"သူ့အတွက် ဒေါ်ရွှေပွင့် အိပ်ခန်းဘေးက အခန်းကို ပြင်ထားလိုက်ပါ၊

ဟိုအိပ်ခန်းလွတ် ထဲမှာ ရှိတဲ့ ဗီရိုနဲ့ စာရေး စားပွဲခုံလဲ သူ့ အိပ်ခန်းထဲမှာ ထည့်ထားပေးလိုက်၊ ဒီကလေးကို ကျွန်တော် က ကျောင်းပြန်အပ်ပေးမှာ ”

“အေး ...အေး စိတ်ချ မောင်မိုး၊ မင်း အစီအစဉ် အတိုင်း အားလုံး ဒေါ်ရွှေပွင့် လုပ်ပေးထားမယ်”

“ဟော့ .... သမီးလေး၊ အား ... ဒီ သမီးလေးက တယ် အစားပုပ်တာပဲ၊ ကြည့်စမ်း ... နို့ တစ်ပုလင်းကြီးသောက်ချလိုက်တာ ကုန်ပြီ”

“မင်း သမီး အစားပုပ်တာတော့ မပြောနဲ့၊ ခု နို့မှုန့်တစ်ပတ် တစ်ဘူး ကုန်တယ်လေ”

“ကုန်ပါစေဗျာ၊ ဝမ်းအပြင် အိပ်မရှိပါဘူး၊ သူ့ အဖေ ရှာနိုင်သမျှ သူ့ သမီး သူ့ သား စားရမှာ ပေါ့၊ မဟုတ်ဘူးလား သမီးလေးရဲ့ ”

နို့ ဝသွားသော သမီးကလေးသည် လက်ကလေး နှစ် ဘက် မြှောက်၊ ခြေကလေး နှစ် ဘက် မြှော က်ကာ ရယ်ရယ်ပြုံး ပြုံး လုပ်လာသည်။

“မကောက်တေး တော့ ကောက်သွားပြီး၊ သမီးကို ဒေါ်ရွှေပွင့်ပဲ ကြည့်ထားလိုက်ပါဦး၊ ကျွန်တော် သား နောက်ကို လိုက်သွားဦးမယ်”

“အေး အေး ....”

အိမ် နောက်ဖေး ရေတိုင်ကီ၏ အုတ်ခုံပေါ်တွင် အောင်အောင်ကလေး ခပ်ငိုင်ငိုင် ထိုင်နေပြီး လက်ထဲက တုတ်ကလေးဖြင့် မြေကြီးကို ခြစ်ကုတ်နေသည်ကို ဦးမိုးဟိန်း လှမ်းတွေ့ လိုက်ရသည်။

သူ့အနီးသို့ ရောက်သွားသည့်အထိ အောင်အောင်လေး ရေး ခြစ်ထားသည့် စာကို ဖတ်ရသည့်တွင် တော့ ဦးမိုးဟိန်း မှာ ရင်ထဲတွင် နင့်ခနဲ နေအောင် ခံစားလိုက်ရသည်။

“မေမေကြီးကို အောင် သိပ်ကြောက်တယ်၊ ဖေဖေကြီးကိုတော့ သိပ်ချစ်တယ်”

“ကလေးရယ် ....”

ဦးမိုးဟိန်းသည် အောင်အောင် ဘေးတွင် ဝင်ထိုင်လိုက်ပြီး အကြင်နာပေးသော လက်များ ဖြင့် သူ .... ပခုံး ကလေးကို ဖက်ထားလိုက်သည်။

သူ့ကို မော့ကြည့်လေသော အောင်အောင် လေး၏ မျက်ဝန်းနှစ် ဘက်တွင် မျက်ရည်တွေ က ဝဲလည်နေ၏ ။

"သား အားမငယ်ပါနဲ့ကွာ .... ဖေဖေကြီး ရှိပါတယ်၊ သားကို ဘယ်သူမှ စိတ်အနှောက်အယှက် မပေးနိုင်ပါဘူး၊ သားကို ကြည့်ဖို့ ဒီအိမ်မှာ ကြီးကြီး တစ်ယောက် ရှိတယ်၊ သူ့ နံမည် က ဒေါ်ရွှေပွင့်တဲ့၊ သား ဘာပဲ လိုချင် လိုချင် သူ့ကို ပြောရတယ်၊ သိလား"

"ဟုတ်ကဲ့၊ ဖေဖေကြီး"

"ဟော ... သား ဟိုမှာ ကြည့်စမ်း၊ ရှဉ့်ညိုလေး တွေ လှတယ်နော်"

"ဟုတ်ကဲ့၊ အောင် ကြည့်နေတာကြာပြီ၊ သိပ် လှတယ် ချစ်စရာလဲ သိပ်ကောင်းတယ်၊ ဒါနဲ့ ဖေဖေကြီး ဟိုသစ်ပင်မှာ ချိတ်ထားတဲ့ ရမ်းဘားက ဘယ်သူ ခိုတာလဲပြာင်"

"ဖေဖေကြီး ခိုတာလေ၊ ဖေဖေကြီးက အားကစား ဝါသနာပါတယ် သားရဲ့ "

"အောင်လဲ အားကစား၊ သိပ် ဝါသနာ ပါတယ်၊ အဲဒီ ရိမ်းဘား အောင်လဲ ခိုမယ်နော်"

"ခိုစေဗျား ... ကဲ နောက်ကော ဘာ ကစားချင်သေးသလဲ"

"အောင် ဗလ တောင့်အောင် ဝိတ်လဲ ကစားချင်တယ် ဖေဖေကြီး"

"ကစားရမယ် ... ကစားရမယ် စိတ်ချ၊ သား အတွက် အဆင်ပြေအောင် ဖေဖေကြီး အားလုံး စီစဉ် ပေးမယ် စိတ်ချ"

အောင်ထိုက်ဦး ကလေး၏ မျက်နှာသည် ညှိုးငယ်နွမ်းလျနေမှု များ ရုတ်ခြည်း ပျောက်၍ အားတက် ရွှန်လန်းရိပ်တွေ က တလိပ်လိပ် တက်လာနေပေ၏ ။

"တနင်းလာနေ့ကျရင် သားကို ဖေဖေကြီး ကျောင်းလိုက်အပ် ပေးမယ်၊ သား ပညာလဲ ထူးချွန်အောင် သင်ရမယ်နော်"

"အောင် သင်မှာ ပါ၊ ဖေဖေကြီး"

"အောင် ဘာလိုင်း ဝါသနာပါလဲဟင်၊ အောင် ဆရာဝန်ကြီးတွေ ၊ အင်ဂျင်နီယာကြီးတွေ ဖြစ်ချင်သလား"

"ဆရာဝန်တွေ အင်ဂျင်နီယာတွေ လဲ ကောင်းပါတယ်၊ ဒါပေမယ့် အောင်က စိုက်ပျိုး ရေး ကို ပို ဝါသနာပါတယ် ဖေဖေကြီး၊ အင်း ... အောင် ဝါသနာ ပါတာ အကြောင်း မဟုတ်ပါဘူး၊ ဖေဖေကြီးက ဆရာဝန်ကြီး ဖြစ်စေ့ချင်ရင် အောင် ဆရာဝန်ကြီး ဖြစ်အောင် လုပ်မယ်၊ ဖေဖေကြီးက အင်ဂျင်နီယာကြီး ဖြစ်စေ့ချင်ရင်လဲ အောင် အင်ဂျင်နီယာကြီး ဖြစ်အောင် ကြိုး စားမယ်"

ချစ်စဖွယ် အမူအရာကလေးဖြင့် ပြောနေသော ကောင်ကလေး၏ ပါးကို ဦးမိုးဟိန်းသည် လက်နှစ် ဘက်ဖြင့် ညှပ်၍ ကိုင်ကာ စိတ်တွင် ကြည်နူးလှစွာ ဖြင့် ကြည့်လိုက်သည်။

"အောင်က သိပ် လိမ္မာတာ ပါလား၊ ဖေဖေကြီးက ဒီလို ကလေးမျိုး ကိုမှ ချစ်တာကွ၊ သား ဝါသနာ ပါတာမဆိုးပါဘူး၊ ဖေဖေကြီးတို့ နိုင်ငံမှာ စိုက်ပျိုး ရေး ဘက်မှာ အသိပညာရှင်တွေ အများ ကြီး လိုအပ်နေတာလဲကွ၊ သား ဝါသနာပါတဲ့ ပညာရပ်ကို ဖေဖေကြီး သင်ပေးမှာ ပေ့ါကွာ၊ ကဲ ... ထ ရေမိုးချိုး ပြီး အဝတ်အစားလဲကြမယ်၊ ပြီးရှ တစ်ခုခု စားကြရအောင်"

"ဟုတ်ကဲ့ .... ဖေဖေကြီး"

ဦးမိုးဟိန်းက အောင်ထိုက်ဦးကလေး၏ လက်ကိုဆွဲကာ ထ စေလိုက်သည်။

နှစ် ဦးသား စကား တပြောပြောနှင့် အိမ်ကြီးဆီသို့ ပြန်လာသည်ကို စူးရှသော အကြည့်များ ဖြင့် အိမ်ပေါ်ထပ်ခန်းဆီမှ ဒေါ်ပပလှိုင်သည် လှမ်းကြည့်၍ နေ၏ ။

ဒေါ်ပပလှိုင်၏ နှုတ်ခမ်းသည် အလိုမကျမှု တွေ ကြောင့် မဲ့ရွဲ့၍ နေပေသည်။

တဖြည်းဖြည်း သူတို့ နှစ် ဦး ပြတင်းပေါက်နှင့် နီးလာသည့် အခါတွင် ပပလှိုင်သည် အခန်းဆီးကို ဆွဲပိတ်ပစ်လိုက်သည်။

အပေါ် မော့ကြည့်ခိုက် လေမတိုက်ဘဲ လှုပ်ယမ်းသွားသော အခန်းဆီးကို ဦးမိုးဟိန်း တွေ့မြင်လိုက်ရသည်။

“ပပ တစ်ယောက် တော့ ခက်ပါသေးတယ်”

စိတ်ထဲက ညည်းတွားရင်း ဦးမိုးဟိန်းသည် ဟန် မပျက် အိမ်ထဲသို့ ဝင်လာ၏ ။

♥ ♥ ♥

ခြောက်။

ဒေါ်ရွှေပွင့်သည် အိပ်ပျော်နေပြီ ဖြစ်သော ရွှန်းပပလှိုင်ကလေးကို ပုခက်ထဲသို့ အသာချနေစဉ် ဧည့်ခန်းထဲသို့ ဦးမိုးဟိန်းနှင့် ချစ်စရာ ရုပ်အဆင်းရှိသည့် ယောကျ်ားလေးတစ်ဦး ဝင်လာသည်ကို တွေ့လိုက်ရသည်။

ဘယ်ဘဝ ရေစက်ကြောင့် လည်းတော့မသိ။ သည်ကောင်ကလေးကို မြင်လိုက်သည် ဆိုလျှင် ခင်မင်တွယ်တာစိတ်များ ရင်တွင် လွှမ်းဖုံး၍ သွားတော့သည်။

“ကောင်လေးနှယ် ချစ်စရာကောင်းလိုက်တာ မောင်မိုး တစ်ယောက် ဘယ်ကများ တွေ့လာတယ် မသိပါဘူး”

သူ့ကို လှမ်းကြည့်လာသော ကောင်ကလေးကို ဒေါ်ရွှေပွင့်က ပြုံး ပြလိုက်သည်။

ကလေး၏ တုန့်ပြန်သော အပြုံး ကို သူ ပြန်ရလိုက်သည်။

“သမီးလေး အိပ်ပျော်သွားပြီကိုး”

ဦးမိုးဟိန်းက သမီးကို ငုံ့ကြည့်ရင်း ပြောလိုက်သည်။

"ခုပဲ အိပ်ပျော်သွားတာ အောင်အောင့်အတွက် အိပ်ခန်းလဲ ခုမှ သွားပြင်ရမှာ "

"ရတယ် .... ရတယ် ဖြည်းဖြည်းလုပ်ပါ ခုတင်တွေ ကိုတော့ ဦးမရမ်းသီးနဲ့ ခေါ်ရွှေ့နော်"

"အင်းပါ"

"လာ အောင် ... ဖေဖေကြီးကို ကိုယ်လက်သွားဆေး ကြရအောင်"

"မောင်မိုးနဲ့ အောင် ... ဘာစားကြမလဲ"

"ထမင်းချိန်လဲ လွန်နေပြီဆိုတော့ ကော်ဖီနဲ့ မုန့်ပဲ စီစဉ်ထားလိုက်ပါ ဒေါ်ရွှေ"

"အေးအေး .... အိမ်မှာ မုန့်တွေ ရှိနေတယ် အတော် ပဲ"

ဒေါ်ရွှေပွင့်သည် ရွှန်းပပလှိုင်ကလေးကို ခြင်ထောင်ချပေးခဲ့ပြီး ထမင်းစားခန်းဆီသို့ ထွက်ခဲ့သည်။

"သား အောင် ... မင်းအတွက် အဝတ်တစ်စုံ ထုတ်လိုက်"

"ဟုတ်ကဲ့ .... ဖေဖေကြီး"

အောင်ထိုက်ဦးသည် သူ့ သေတ္တာထဲမှ အဝတ်တစ်စုံကို ထုတ်လိုက်သည်။

"ရော့ ... မျက်နှာသုတ်ပဝါ၊ အဲဒီ ရေချိုး ခန်းထဲမှာ ဆပ်ပြာရေရော၊ ဆပ်ပြာတုံးကော ရှိတယ်၊ မင်း ကြိုက်ရာသုံးပြီး ရေချိုး ချင်ရင် ချိုး ၊ ဆေးကြောချင်ရင် ဆေးကြော မြန်မြန်တော့ လုပ်နော်၊ရေမြေ အပြောင်းအလဲ မှာ ပြန်ဖျားမှာ စိုးလို့"

"ဟုတ်ကဲ့ပါ ဖေဖေကြီး"

ကျိုး နွံလွန်းသော ကလေးကို ကြည့်ပြီး ဦးမိုးဟိန်းသည် အကျေနပ်ကြီး ကျေနပ်ကာ ပီတိတွေ ဖြစ်၍ ခုတင်ပေါ်တွင် ထိုင်ကာ ကြည့်နေ၏ ။

“ဖေဖေကြီး ချိုး တော့လေ အောင် ပြီးပြီ”

“အေးကွာ .....”

နှစ် ယောက် သား ရေမိုးချိုး ပြီး၍ အဝတ်အစားများ လဲလှယ်ပြီးသည့်အခါ ထမင်းစားခန်း ဆီသို့ ထွက်ခဲ့ကြသည်။

နံ့ရံကပ် မှန်ဗီရိုများ ဖြင့် အိုး ခွက် ပန်းကန် အဖိုးထိုက် အဖိုးတန်များ ထည့်ထားသော ထမင်းစားခန်းထဲတွင် လှပသော ဆုံလည် ထမင်းစားပွဲကြီးနှင့် လူတစ်ရပ်မြင့်သော ရေခဲသေတ္တာတို့ကို အောင်ထိုက်ဦး တွေ့မြင်ရသည်။

“အင်း ... ဖေဖေကြီးတို့က တကယ့် သေဌေးကြီးတွေ ပဲ ပစ္စည်းအားလုံး သိပ်လှတယ်၊ သိပ်လဲ တန်ဖိုးကြီးမှာ ပဲ”

“သား ... ထိုင်လေကွာ”

“ဟုတ် ... ဟုတ်ကဲ့ ဖေဖေ”

“ကြိုက်တာ ယူစား၊ မုန့်တွေ ကတော့ စုံနေတာပဲ အောင်ရေ ....”

“ဟုတ်ကဲ့ ကြီးရွှေ”

“ဖေဖေ အရင်ယူလေ”

အောင်ထိုက်ဦးက မုန့်ပန်းကန်ကို မ၍ ဦးမိုးဟိန်းအား ပေးလိုက် သည်။

ဦးမိုးဟိန်းသည် အောင်ထိုက်ဦး ကလေး လူကြီး သူမအား ဦးချရမှန်း သိတတ်မှုကို စိတ်ထဲက ကျိတ် ချီးကျူး ရင်းဒေါ်ရွှေပွင့်၏ မျက်နှာကို လှစ်ခနဲ တစ်ချက် ကြည့်လိုက်သည်။

“ကိုင်း .... ယူပြီဗျာ၊ သား စားတော့၊ သား ကြိုတာသာ ယူစား၊ ဖေဖေက မုန့် စားလေ့ စားထ သိပ်မရှိလို့”

“ဟုတ်ကဲ့ ... ဖေဖေ”

အောင်ထိုက်ဦးကလေးသည် ဣန္ဒြေရရဖြင့် အစားအသောက်များ ကို စားနေ၏

။

“အင်း ... ဝေတ်တစ်လှည့် ပြွတ်တစ်လှည့်နဲ့ ဆင်းဆင်းရဲရဲ ဘဝက လာပေမယ့် ဒီကလေးဟာ ဘာကိုမှ ငမ်းငမ်းတက် မရှိပါလား၊ သိပ်ကို ဗီဇသန္ဓေကောင်းတဲ့ ကလေး တစ်ယောက် ပါပဲလား၊ ဒီကလေးကို ငါ မွေးစားလိုက်တာ မှန်တယ်၊ ဒီကလေးမျိုး ဟာ ငါ အားကိုး အားထား ပြုသင့်တဲ့ လူ တစ်ယောက် ဖြစ်လာမှာ သေချာတယ်၊ ငါ မလုပ်နိုင်မကိုင်နိုင် ကျချိန်မှာ သူ့ကို အားကိုးနိုင်ရအောင် အစွမ်းကုန်ပြုစု ပျိုး ထောင်ပေးရမှာ ငါ့တာဝန်ပဲ”

ဦးမိုးဟိန်းသည် အောင်ထိုက်ဦးကလေးကို တစ်ချက်တစ်ချက် ကြည့်ရင်း သူ့ စိတ်ထဲတွင် အောင်ထိုက်ဦး အတွက် အစီအစဉ်တွေ ချမှတ်၍ နေ၏ ။

“ကိုင်း ... သားအဖ နှစ် ယောက် အေးအေးဆေးဆေး စားကြ၊ ဒေါ်ရွှေပွင့် အောင့် အတွက် အိပ်ခန်း သွားပြင်လိုက်ဦးမယ်”

“ကြီးရွှေ သား ဝင်ကူပေးမယ်လေ”

“ အို ....နေပါ အောင်ရယ်၊ ကြီးရွှေ ဦးမရမ်းသီးကို ခေါ်လုပ်မှာ ပါ၊ အောင် စားမှသာ စားစမ်းပါ”

“ဟုတ်တယ် ... သား ဆာနေတယ် မဟုတ်လား၊ ဝအောင် စားပြီးရင် ညီမလေးကို သွားကြည့်ရအောင်”

“ဟုတ်ကဲ့ ... ဖေဖေကြီး”

ကော်ဖီနှင့် မုန့် စားသောက် ပြီးစီးသွားသော အခါ အောင်ထိုက်ဦးကလေးသည် လက်ဖက်ရည် အချိုပန်းကန်များ ကို စတီးလက်ဆေးကန်တွင် သေသပ်ကျနစွာ သွား၍ ဆေးကြောပြီး ပန်းကန်စင်တွင် မှော က်ထားလိုက်သည်။

“သားက ဘယ်ဆိုးလို့တုန်း ပန်းကန်ဆေးတာလဲ ဖြောင့်နေတာပါပဲလား”

“သင်္ဘောပေါ်က ထမင်းဆိုင်တွေ မှာ အောင် ပန်းကန်လိုက်ဆေးတယ်၊ သူတို့က

မုန့်ဖိုးပေးကြတယ်လေ၊ မတော် တဆ ကွဲရင်တော့ တအား အဆူခံရတယ် ဖေဖေကြီးရဲ့ ”

ဦးမိုးဟိန်းက သဘောကျကာ ရယ်လိုက်သည်။

“သူ့ ပစ္စည်းကွဲရင်တော့ ဆူမှာ ပေါ့ သားရဲ့ .... ကဲ ... လာ ညီမလေး ဆီ သွားရအောင်”

“ညီမလေးက ဖြူဖြူကစ်ကစ်ကလေး သိပ်ချစ်စရာ ကောင်းတာပဲနော်”

“ ဟုတ်တယ်သား၊ ညီမလေးကို သား ချစ်လား”

“သိပ် ချစ်ပါတယ် ဖေဖေကြီး၊ ဒီလို ညီမလေးမျိုး တစ်ယောက် အောင် လိုချင်တာ ဟိုး ... ငယ်ငယ်လေး ကတည်းကပဲ”

“ဟုတ်လား ခုတော့ အလို ဆန္ဒပြည့်ပြီပေါ့”

“ဟုတ်ကဲ့ ဖေဖေကြီး”

အောင်ထိုက်ဦးသည် ရွှန်းပပလှိုင်ကလေးကို အသာငုံ့ကြည့်ပြီး ပြုံး လိုက်သည်။

အလွန် အားရကျေနပ်ခြင်း ဖြစ်လှသည့် အပြုံး ....

“ကဲ .... ဖေဖေကြီးက သတင်းစာဖတ်မယ်၊ အောင်က ညီမလေးကို စောင့်”

“ပုခက်လွှဲပေးရမလား ဟင် .... ဖေဖေကြီး”

“ပုခက် မလွှဲဘူး၊ အကျင့်ပါမှာ စိုးလို့”

“ဟုတ်ကဲ့ ....”

ဦးမိုးဟိန်းသည်။ ထိုနေ့ထုတ် သတင်းစာတစ်စောင်ကို ဆက်တီစားပွဲပေါ်မှ ဆွဲယူကာ လှန်လှော ဖတ်ရှု နေချိန်တွင် အောင်ထိုက်ဦးကလေးသည် .....

နှစ် ခြိုက်စွာ အိပ်မောကျနေသော ရွှန်းပပလှိုင်ကလေးကို အသာ ငြိမ်ငြိမ်ကလေး ထိုင်ကြည့်၍ နေ၏ ။

သူ့ စိတ်ထဲတွင် တော့ အတွေ းတွေ က နယ်ကျယ်နေသည်။

"ညီမလေးက ချစ်စရာကောင်းလိုက်တာ၊ ဒီညီမလေးကို ငါ ပညာတတ်ကြီး ဖြစ်အောင် စာတွေ သင်ပြီး အလုပ် လုပ်ကျွေးမယ်၊ ငါ့ကို မွေးစားလိုက်တဲ့ ဖေဖေကြီးနဲ့ မေမေကြီး ပပလှိုင်ကိုလဲ ငါ ပြန်ကျေးဇူးဆပ်ရမယ်၊ အမြဲတမ်း အလုပ်ကြမ်းတွေ လုပ်ပြီး အသက်မွေးနေရတဲ့ ငါ့အဖေအရင်းကိုလဲ ငါ ပြန်ကြည့်ရမယ်၊ သူတို့အားလုံးကို ငါ ကျေးဇူးပြန်ဆပ်ရမယ်"

လူသာ ငယ်ပေမယ့် ခိုင်မြဲသာ သန္နိဋ္ဌာန်ကို အောင်ထိုက်ဦးကလေးက ချနိုင်ခဲ့ပေသည်။

လေးတန်းအောင်ပြီးထားသည်မို့ သူသည် ငါးတန်းတွင် ပညာသင်ခွင့် ရခဲ့သည်။

ဦးမိုးဟိန်းကလည်း ဆရာသမားကောင်းများ နှင့် သင်ကြားပေး ကလေးကလည်း ဉာဏ်စွမ်းရည် ထက်မြက်လှသဖြင့် အတန်းထဲတွင် ထူးချွန်သော ကလေး အ ဖြစ် အောင်ထိုက်ဦး နာမည် ကြီး ခဲ့သည်။

အောင်ထိုက်ဦးကလေးကို သူလိုချင်သည့် အနေအထားအတိုင်း လမ်းကြောင်းပေးလို့ ရနေသဖြင့် မွေးစား ဖခင်ကြီး ဦးမိုးဟိန်းမှာ ကျေနပ် အားရမဆုံး ဖြစ်နေရသည်။

ရွှန်းပပ ရိပ်မြုံတစ်ခုလုံးတွင် တွတ်တီးတွတ်တာ တောင် စကား မတတ်သေးသော ရွှန်းပပလှိုင်ကလေး တောင်မှ အောင်ထိုက်ဦးကို တွေ့ရလျှင် ပျော်ရွှင်မြူး တူး သွားတတ်သော် လည်း ဒေါ်ပပလှိုင် တစ်ယောက် ကတော့ ကြည့်မရအောင် ဖြစ်နေဆဲ ရှိ၏ ။

"နေနှင့် ဦး နင်တစ်နေ့ သိမယ်၊ ကောင်နာလေး" ဟု ပြောနေသယောင် ယောင် ရှိသော သူ့ မျက်လုံးများ ၏ ဒဏ်ကို အောင်ထိုက်ဦးလေးသည် မကြာခဏ ဆိုသလို ခံခဲ့ရပေ၏ ။

တစ်နေ့တွင် တော့ စီးပွားရေး ကိစ္စနှင့် ဦးမိုးဟိန်း တစ်ယောက် အထက် မြန်မာပြည်သို့ ခရီးရှည်ကြီး ထွက်ရန် ကိစ္စက ပေါ်လာသည်။

မွေးစား ဖခင်ကြီး ခရီးထွက်ရတော့မည် ဆိုတော့ အောင်ထိုက်ဦးကလေး စိတ်တွေ တအား ငယ်သွားမိသည်။

ဒေါ်ပပလှိုင် ကတော့ ကျိတ်၍ ဝမ်းသာမဆုံး ဖြစ်နေ၏ ။

တစ်ခါမျှမလုပ်စဖူး ဦးမိုးဟိန်းအတွက် ခရီးဆောင် အိတ်ကို သူ ကိုယ်တိုင်ကိုယ်ကျ ပစ္စည်း ပစ္စယများ ထည့်ပေးနေ၏ ။

ဇနီးသည်၏ ထူးခြားသော အပြုအမူကို ဦးမိုးဟိန်း သတိပြုမိပြီး သားကို တိုးတိုး တိတ်တိတ် မှာ စရာ ရှိသည်များ မှာ ခဲ့သည်။

"သား ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက် ဖေဖေကြီး မရှိတုန်း ဘာအကြောင်း ကိစ္စမျိုး နဲ့ပဲ ကြုံကြုံရွှန်းပပရိပ်မြုံကနေ ထွက်မသွားရဘူးနော်"

"ဟုတ်ကဲ့ပါ၊ ဖေဖေ"

"ဖေဖေကြီးလဲ အိမ်ကို ဖုန်းဆက်လို့ရတဲ့ နေရာမျိုး ရောက်တိုင်း ဖုန်းဆက်မယ်၊ အိမ်က အကျိုး အကြောင်းတွေ ဖေဖေကြီး အမြဲစုံစမ်းမယ်၊ ကြားလား သား"

"ဟုတ်ကဲ့ပါ ဖေဖေကြီး"

တစ်ဘက်ကလည်း ဇနီးသည်ကို ......

"ပပ .... ကိုယ် ခရီးသွားနေတုန်း အောင့်ကို ပြဿ နာ မရှာပါနဲ့၊ သူ ဘာပဲ အမှား လုပ်လုပ် ကိုယ် ပြန်လာမှ ပြော ကိုယ်ဆုံးဖြတ်မယ်"

"သူနဲ့ ပတ်သက်လို့ ပပ ဘာမှ မပြောဘူး၊ စိတ်ချ အစ်ကိုကြီး သွားရမယ့် ခရီးသာ ဖြောင့်ဖြောင့်သွား"

"အင်း ... ပပ ဆီက ဒီစကားပဲ ကိုယ်ကြားချင်တာပါ၊ သမီးလေးရွှန်းကိုလဲ

ဂရုစိုက်ပါ၊ ရေမိုးချိုး တာ ဂရုစိုက်၊ သမီးက ဖွံ့တယ် အဆုတ် အအေးပတ်မှာ ကြောက်ရတယ်”

“ပပ သိပါတယ်၊ တစ်နေ့ တစ်နေ့ သူ့ပဲ ဂရုစိုက်နေတာ အစ်ကိုကြီး အမြင်ပဲ”

အမြဲတမ်း စကားလေး အထွန့်တက် ပြောလိုက်ရမှ ကျေနပ်သော ဇနီးသည်ကို ဦးမိုးဟိန်းသည် ဘာမျှဆက်မပြောတော့ဘဲ မီးခံသေတ္တာသော့ကို ဖွင့်လိုက်သည်။

♥ ♥ ♥

## ခုနစ် ။

အောင်ထိုက်ဦးလေးသည် ဒေါ်ရွှေပွင့် စီစဉ်ထားပေးသော ထမင်းဘူးလေးကိုယူကာ လွယ်အိတ်ကိုလွယ်ပြီး အိမ်ပေါ်က ပြေးဆင်းမည် အပြုတွင် ဒေါ်ပပလှိုင်သည် လှေကားထိပ်က ပေါ်လာ၏ ။

“ဟဲ့ .. အောင်အောင်၊ ဒရိုင်ဘာ ရောက်ပြီလား”

“ဟုတ် ... ဟုတ်ကဲ့ မေမေကြီး”

“ပပ ဘာလုပ်မလို့လဲ၊ မောင်စံကို ခိုင်းစရာ ရှိနေလို့လား”

အောင်အောင့် နောက်သို့ လိုက်လာသော ဒေါ်ရွှေပွင့်က ဒေါ်ပပလှိုင်ကို မေးသည်။

“ခိုင်းမှာ မဟုတ်ဘူး၊ ပပကိုယ်တိုင် သွားမလို့”

“ဟင် ... ပပ ဘယ်သွားမလို့လဲ”

“ပပ... ဘယ်သွားမယ် ဘယ်လာမယ်ဆိုတာ ဒေါ်ရွှေပွင့်ကို ပြောနေရဦးမလား”

ဒေါ်ရွှေပွင့် စိတ်ထဲတွင် နင့်ခနဲ ဖြစ်သွားမိသော်လည်း စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားလိုက်ပြီး လေပြည် ကလေးဖြင့် .....

"မဟုတ်ပါဘူး၊ ခု သွားမလို့လား၊ ကလေးကျောင်းပို့ပြီးမှ သွားမှလားလို့ သိချင်တာပါ ပပရယ်"

"ခု မလိုက်နိုင်ပါဘူး၊ ဒီမှာ အဝတ်အစားလဲ မလဲရသေးဘူး၊ သမီးအတွက်လဲ ဘာမှ မပြင်ဆင်ရသေးဘူး"

"ဒါဆို အောင့်ကို ကျောင်းအရင်ပို့ လိုက်ရမလား"

"ဒီကောင့်ကို ဒီနေ့ ဦးမရမ်းသီးနဲ့ လွှတ်လိုက်၊ အိမ်က ကား ပပကို စောင့်နေခိုင်း"

အမိန့်ပေးပြီးမှ ပပလှိုင် အိမ်ပေါ်သို့ လှေကား တစ်ဝက်မှ ပြန်လှည့်တက်သွားသည်။

ဒေါ်ရွှေပွင့်သည် ပင့်သက်ရှိုက်ရင်း ကျောင်းချိန် နီးနေသော အောင်ထိုက်ဦးကလေး၏ မျက်နှာကို ကြည့်လိုက်သည်။

ကလေး၏ မျက်နှာကလေးသည် ကျောင်းမမီမှာ စိုး၍ ဆီးရွက်ခန့်သာ ရှိတော့၏ ။

"လာလာ ... ကလေး၊ တက္ကစီ ငှားပြီး သွားလိုက်၊ ကြီးရွှေ ပိုက်ဆံပေးမယ်၊ ဦးမရမ်းသီးကို အဖော်ခေါ်သွား ...."

အောင်ထိုက်ဦးကလေး၏ လက်ကိုဆွဲ၍ ဒေါ်ရွှေပွင့်သည် ဦးမရမ်းသီးထံသို့ အပြေးအလွှား လာခဲ့သည်။

"ဟေ့ကောင် ... ဒီမှာ လေ ကား ထုတ်ထားတာ"

"သား ဒီနေ့ အိမ်ကကားနဲ့ မသွားဘူး၊ ဦးစံ"

ဒရိုင်ဘာ ကိုစံ တစ်ယောက် ပါးစပ် အဟောင်းသားနှင့် ကျန်ရစ်ခဲ့သည်။

"ဟဲ့ ... မရမ်းသီး"

"အား .... မရွှေ၊ ငါ တစ်ခါတည်း လန့်သွားတာပဲ၊ လုပ်ရင် အရမ်းပဲ မကန်းဘူး"

"လန့်ရင် ရေ မြန်မြန်သောက်ပြီး ကလေးကို ကျောင်းလိုက်ပို့လိုက်"

"အား ... ဆရာမ ရှိဘူးနော်၊ ငါ ပို့ရမယ်လို့ မှာ သွား သလား မရွှေ"

"အောင်မလေး လျှာရှည်လိုက်တဲ့ မရမ်းသီးရယ် သူ့ကို နင် အငှားကားနဲ့ လိုက်ပို့ပေးရမှာ တဲ့၊ မြန်မြန်လုပ်စမ်းပါ ကလေး ကျောင်း မမီဘဲ နေတော့မယ်"

"အငှားကားနဲ့ ... ဟိုကား ဘာ ဖြစ်လဲ"

"အိမ်က နင့်သခင်မ အပြင်ထွက်မလို့"

"အို့ ဟိုး ... ဒါကြောင့် ကိုး၊ ပို့မယ် ... ပို့မယ်၊ ခဏနော် ခဏ ...."

ဦးမရမ်းသီးသည် သူ့ အဆောင်ကလေးဆီသို့ လက်ထဲက မြေဆွခက်ရင်း ကလေးကို ပစ်ချပြီး ပြေးပါတော့သည်။

♥ ♥ ♥

## ရှစ်။

အောင်ထိုက်ဦး၏ စိတ်ထဲတွင် မနက်က မေမေကြီး ပပလှိုင်၏ အပြုအမူကြောင့် မလန်းမဆန်းဘဲ ဖြစ်နေရသည်။

စိတ်အားငယ်လေလေ ကျေးရူးရှင် မွေးစား ဖခင်ကြီး ဦးမိုးဟိန်းကို တမ်းတမိလေလေ ဖြစ်နေရသည်။

အစဉ်အမြဲ သွက်လက်၍ ရွှင်ပျ၍ နေတတ်သော အောင်ထိုက်ဦးကလေး

တစ်ယောက် သည်နေ့တွင် တငိုင်ငိုင် တတွေ တွေ ဖြစ်နေသည်ကို သူ့ အတန်းပိုင် ဆရာမ ပင် သတိပြုမိသွားသည်။

"ဟယ် အောင်ထိုက်ဦး နေမကောင်းဘူးလား၊ သိပ်မှိုင်တာပဲ မှန်းစမ်း ...."

သူ့ နဖူးကလေးကို စမ်းသပ်ကြည့်ပြီး ကြင်နာယုယစွာ မေးလာသော အခါ မိခင်၏ မေတ္တာ ငတ်မွတ်ခဲ့ရသော အောင်ထိုက်ဦးသည် ချုံး ပွဲချငိုမိမတတ် ဖြစ်သွားရသည်။

သို့သော် ....

အောင်ထိုက်ဦး မျက်ရည်မကျအောင် စိတ်ကို ထိန်းနိုင်ခဲ့ပါသည်။

ညနေ ကျောင်းဆင်းချိန်တွင် အိမ်က ကားရပ်နေကျ နေရာဆီသို့ အောင်ထိုက်ဦး အပြေးကလေး လာခဲ့သည်။

ကားအစား ဦးမရမ်းသီးကြီးကိုသာ တွေ့လိုက်ရသည်။

အောင်ထိုက်ဦး ပို၍ ငိုချင်သွားသည်။

ဇိမ်ခံ ကားကြီး မစီးရ၍ မဟုတ်ပါ။

ဒေါ်ပပလှိုင်၏ သူ့အပေါ် သဘောထားကို သိလိုက်ရသော ကြောင့် ဖြစ်၏ ။

"အောင် .... သွားမယ် မမကြီးနော် ပြန်မလာဘူး မရွှေက နာ့ကို လွှတ်လိုက်တယ်၊ ပေး နင့် ထမင်းဘူး"

ဦးမရမ်းသီးသည် ထမင်းဘူးကို အောင်ထိုက်ဦး လက်မှ ယူ၍ ကိုင်လိုက်ပြီး လက်တစ်ဘက်က အောင်ထိုက်ဦး၏ လက်ကို ဆွဲကာ ကျောင်းထဲမှ ထွက်ခဲ့သည်။

အိမ်ဝင် တံခါး အနားမှ ရပ်ကာ သူ့ကို ဒေါ်ရွှေပွင့်က ကြိုမြဲတိုင်း ကြိုနေပါသည်။

ဒေါ်ပပလှိုင်ကိုတော့ အရိပ်အယောက် မှ သူ မတွေ့ရပါ။

"မေမေကြီး ပြန်မရောက်သေးဘူးလားဟင် ကြီးရွှေ"

"အေး ... မရောက်သေးလို့ ကြီးရွှေ က မရမ်းသီးကို လွတ်လိုက်ရတာ ၊ ကဲ သား ရေမိုးချိုး အဝတ်အစားလဲ၊ ကြီးရွှေ ထမင်းခူးထားလိုက်မယ်"

"ဟုတ်ကဲ့"

အောင်ထိုက်ဦးကလေး၏ နောက်ကျောကို လှမ်းကြည့်ပြီး ဒေါ်ရွှေပွင့်မှာ လေးတွဲစွာ ခေါင်းယမ်းရင်း မီးဖိုဆောင်ဆီသို့ ဝင်ခဲ့သည်။

"အင်း .... ဒီကလေးကို ပပ ကတော့ ဘယ်နေ့ ပြဿ နာကြီးကြီး ရှာမယ် မသိဘူး၊ ထမင်းစားပွဲမှာ ဒီကလေး ထိုင်စားတာ ပဲ့ပါသွားတာမှတ်လို့ ခုတော့ မီးဖိုထဲက စားပွဲဝိုင်းမှာ ကျွေးရမတဲ့၊ ဟိုဟာလုပ်မပေးရ ဒီဟာ လုပ်မပေးရ နဲ့ ငါ့ကို အမိန့်တွေ ထုတ်ပြန်လိုက်တာလဲ နည်းမနည်းပါဘူး၊ သူ့ ဒဏ် မခံနိုင်တဲ့ တစ်နေ့ကျရင်တော့ ဒီကလေးလဲ မောင်ဘသာလို ဒီအိမ်ကြီး ကနေ ပြေးမှာ သေချာပါတယ် စိတ်များ ထင့်ပါရဲ့"

ဒေါ်ရွှေပွင့်သည် သူ စားနေကျ ထမင်းစားပွဲဝိုင်းကလေးချ၍ အောင်ထိုက်ဦးလေးအတွက် ထမင်းပွဲကို ပြင်ဆင် ထားလိုက်သည်။

"ကြီးရွှေရေ ... သား ဘာသာ သား ခူးစားရမှာ လား"

ထမင်းစားခန်းထဲက အောင်ထိုက်ဦး မေးသံထွက်ပေါ်လာသည်။

"ဟဲ့ သား၊ ဒီကိုလာ ကြီးရွှေ မင်းအတွက် ဒီမှာ ပဲ ထမင်းဝိုင်း ပြင်ထားလိုက်တယ်"

"ဩော်"

မီးဖိုဆောင်ဆီသို့ အောင်ထိုက်ဦးကလေး အပြေးကလေး ရောက်လာသည်။

"လာ ... သား ဒီမှာ ထိုင် ကြီးရွှေနဲ့ လာစား၊ ကြီးရွှေ အဖော်ရအောင်လို့လေ"

ဒေါ်ရွှေပွင့်က ကြည့်ကောင်းအောင် ပြောလိုက်သော် လည်း ဒီအိမ်ကို ရောက်ပြီးသည့်နေ့မှ ထူးခြားစွာ မီးဖိုထဲ ဝင်စားရသော အ ဖြစ်ကို အောင် နားလည်လိုက်ပါသည်။

အောင်သည် အခြေအနေကို သုံးသပ်တတ်ပြီး ... အကင်းပါးသော ကလေး တစ်ယောက် ပါ။

အောင် ထမင်းစားပြီးချိန်လောက်တွင် အိမ်ကကား ပြန်ရောက်လာသည်။

ဒေါ်ပပလှိုင်သည် ရွှန်းပပလှိုင်ကလေးကို အောက်ထပ်ဧည့်ခန်းထဲတွင် ထားခဲ့ပြီး အိမ်ပေါ် ထပ်ဆီသို့ တက်သွား၏ ။

သုံးချောင်းထောက် လှည်းကလေး ထဲတွင် ထိုင်နေသော ရွှန်းပပလှိုင်ကလေးသည် ထမင်းစားခန်းထဲက ထွက်လာသော အောင်ထိုက်ဦးကို တွေ့သော အခါ ပြုံး ၍ ခြေယမ်း လက်ယမ်း လုပ်ပြနေ၏ ။

"ညီမလေး လည်လည်သွားတယ် ဟုတ်လား"

အောင်ထိုက်ဦးလေးသည် ရွှန်းပပလှိုင်ကလေး၏ အနီးတွင် ဒူးထောက်ထိုင်လိုက်ပြီး ကလေး၏ ဝဝ ကစ်ကစ် လက်ကလေးများ ကို ကိုင်ကာ ချော့မြူ ကစားလိုက်သည်။

ရွှန်းပပလှိုင်ကလေး၏ ခိုးခိုးခစ်ခစ် ရယ်မောသံသည် ဧည့်ခန်းထဲတွင် သာယာနာပျော်၍ နေပါသည်။

"ညီမလေးက အောင် မြူတာကို သဘောကျနေလိုက်တာ ကြည့်စမ်း"

"ညီမလေးက အောင့်ကို သိပ်ချစ်တာ၊ ဘယ်လောက်ငိုငို အောင် မြူလိုက်ရင် ရယ်သွားတာပဲ"

"ဟုတ်ပါ့တော် ... မင်းတို့ မောင်နှမ ကတော့ တည့်ပ"

"ဒီမှာ ဒေါ်ရွှေပွင့်၊ မောင်နှမ မောင်နှမနဲ့ စကားထဲ ထည့်မပြောပါနဲ့၊ ဒေါ်ပပလှိုင်နဲ့ ဦးမိုးဟိန်းက မွေးထားတာ၊ ရွှန်းပပလှိုင်ဆိုတဲ့ တစ်ဦးတည်းသော သမီးလေးပဲ ရှိတယ်၊ ဒီ သွေးမတော် သားမတော် တဲ့ လူတွေ ကို ပပ သမီး သံယောဇဉ်တွယ်မှာ ကို မကြို က်ဘူး .... ဒါပဲ"

“ဟင်”

လက်တစ်ဘက် ခါးတွင် ထောက်ပြီး မျက်နှာကိုမော့ချီကာ တင်းတင်းထန်ထန်ကြီး ပြောလိုက်သော ဒေါ်ပပလှိုင်ကို ဒေါ်ရွှေပွင့်သည် အံ့အားသင့်ပြီး ကြည့်နေ၏ ။

အောင်ထိုက်ဦးခမျာမှာ တော့ ဒေါ်ပပလှိုင်၏ စကားကြောင့် ကိုယ်ကလေး သိမ့်ခနဲ တုန်ပါသွားပြီး ရွှန်းပပလှိုင်လေးကို ကိုင်ထားသော သူ့လက် ပြုတ်ကျသွားသည်။

ပြူး ကျယ် ဝိုင်းစက်သော မျက်လုံး ကလေးများ ဖြင့် ဒေါ်ပပလှိုင်ကို မော့မော့ကလေး ဒူးထောက်လျက်သား ကြည့်နေ၏ ။

“ဟဲ့ ... ငအောင် နင့်ဘဝ နင်သိ၊ အစ်ကိုမိုးက မျက်နှာသာပေးတိုင်း ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ထင်မနေနဲ့၊ နင့်ကို ငါ မကောင်းတတ်လို့ ကြည့်နေတာ ဆိုတာ သဘောပေါက် ဒါပဲ ...”

အောင်ထိုက်ဦးသည် ထိုင်ရာမှ ထပြီး တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

“ပပရယ် ... ကလေးကို ဘယ်လိုပြောလိုက်တာလဲ၊ သနားပါတယ်”

“ဒီမှာ ဒေါ်ရွှေပွင့် ဒီလိုပြောတာ မကျေနပ်ရင် ဒေါ်ရွှေပွင့် ကြိုက်သလို ဆုံးဖြတ်နိုင်တယ်၊ ပပ ကတော့ သမီး မိန်းကလေး ရှင်ပီပီ နောင်လာမယ့် ဘေးနဲ့ တွေ့ရမယ် ခလုတ်ကန်သင်းကို ရှင်းသွားမှာ ပဲ၊ ပပ သမီးကို အုတ်ရောရောကျောက်ရောရော အ ဖြစ်မခံနိုင်ဘူး၊ ဘယ်လို ဇယားမျိုး မှလဲ အရှုပ်မခံနိုင်ဘူး ... ဒါပဲ”

“ဩော် ... မောက်မာ ခက်ထန်လိုက်တဲ့ ပပ ပါလား။ ဟင်း ....

ဒေါ်ရွှေပွင့် စိတ်ထဲ ကျိတ်၍ ပင့်သက်ကြီးကို ချလိုက်မိသည်။

အောင်ထိုက်ဦးကလေး သူနှင့် ကစားနေရာမှ ရုတ်တရက် ထထွက်ပြေးသွားသဖြင့် ရွှန်းပပလှိုင်ကလည်း ထငိုတော့သည်။

“အို ... တိတ်ပါ ကလေးရယ် တိတ်ပါ တိတ်ပါ”

ဒေါ်ရွှေပွင့်က ကလေးကို သုံးချောင်း ထောက် လှည်းထဲက ထုတ်၍ ချော့မြူ သော် လည်း ကလေးက မတိတ်ဘဲ ပို၍ သည်းထန်စွာ ငိုလာသည်။

"ဒီဟာမလေးကလဲ အကျင့်ကို မကောင်းဘူး၊ အဖိုးတန်တဲ့ ကစားစရာတွေ အများ ကြီးရှိတာကို မကစားဘူး၊ ဒီကောင်နဲ့ကျရင် ရှင်မြူး နေတာပဲ၊ တစ်ခါတည်း ဆွဲဆောင့် ပစ်လိုက်ချင်တယ်"

"ရွှန်းလေး က ဘာမှ မသိနားမလည် တတ်သေးတဲ့ အရွယ်ကလေးပါ ပပရယ် ..."

"ဟုတ်တယ် မသိနားမလည်သေးတဲ့ အရွယ်မို့လဲ ပပက ကြည့်နေသေးတာပေါ့ သိလား နားလည်တတ်တဲ့ အရွယ်ဆိုရင် ဟိုကောင် အိမ်ရိပ်တောင် နင်းရမှာ မဟုတ်ဘူး"

"ဟင် ...."

ဒေါ်ရွှေပွင့်သည် ရင်ထဲတွင် မွန်းကျပ် သိပ်သည်းလာသဖြင့် ပပလှိုင်၏ ရှေ့တွင် ရပ်နေရာမှ ထွက်ပြေးချင်စိတ်ပင် ပေါ်လာတော့သည်။

"ကလေးကို ဒီပေး၊ နို့သွား ဖျော်တော့"

ဆောင့်ဆောင့် အောင့်အောင့် ရွှန်းပပလှိုင်ကလေးကို ဒေါ်ရွှေပွင့် လက်မှ ယူလိုက်ပြီး ပပလှိုင်သည် ဆိုဖာပေါ်သို့ ဆောင့်၍ ထိုင်ချလိုက်သည်။

သူ့ မျက်နှာသည် သုန်မှု န်စူပုပ်၍ နေ၏ ။

ဒေါ်ရွှေပွင့်လည်း ရွှန်းပပလှိုင်ကလေး၏ ခြင်းတောင်းထဲမှ နို့ဘူးကို ထုတ်ယူပြီး ထမင်းစားခန်းဆီသို့ ထွက်ခဲ့သည်။

အင်း .. အောင့် ရှေ့ရေး အတွက်တော့ ရင်လေးပါသေးတယ်၊ ဒီကလေး ဒီအတိုင်းဆိုရင်တော့ ရွှန်းပ ရိပ်မြုံမှာ တာရှည်မြဲမှာ မဟုတ်ဘူး၊ အို ... ငါ ရင်လေးလိုက်တာ ဒီကလေး အတွက် ....

အောင်ထိုက်ဦးလေးသည် မည် မျှပင် ဒေါ်ပပလှိုင်က မာန်မဲ စေကာမူး

ငြိုငြင်စေကာမူသည်းခံနိုင်စွမ်း အရွယ်နှင့် မလိုက်အောင် ရှိလှပေသည်။

အဝေးတွင် ရှိနေသော မွေးစားဖခင်ကြီးထံ မှ ဖုန်းလာလေတိုင်း ရွှင်ပျအားရသော တုံ့ပြန်မှု မျိုး ကို ပြုတတ်၏ ။ အိမ်တွင် နေရသည်မှာ ပျော်ရွှင်ကြောင်း၊ အေးချမ်းကြောင်းနှင့် ကျောင်းတွင် စာရကြောင်းများ အဆင်ပြေချောမွေ့စွာ ပြန်ဖြေတတ်သဖြင့် ဤကလေး၏ လိမ်မာရေး ခြားရှိမှု ကို ဒေါ်ရွှေပွင့်မှာ မချီးကျူး ဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရသည်။

ဤသို့ ဦးမိုးဟိန်း ရှေ့တွင် တစ်မျိုး နောက်ကွယ်ရာတွင် တစ်မျိုး နှင့် ရွှန်းပပရိပ်မြုံကြီးတွင် အောင်ထိုက်ဦး တစ်ယောက် နေထိုင် ကျင်လည်ခဲ့သည်မှာ နှစ် နှစ် တင်းတင်းပင် ပြည့်လာပြီ ဖြစ်သည်။

ဒေါ်ပပလှိုင်က ဘာပဲပြောပြော ညီမလေး ရွှန်းပပလှိုင်ကို အောင်ထိုက်ဦး အရမ်းချစ်သည်။

ညီမလေး ရွှန်းနှင့် တွတ်တီး တွတ်တာ စကားတွေ ပြောနေရချိန်များ သည် အောင့်အတွက် အပျော်ဆုံးသော အချိန်များ ဖြစ်ခဲ့ရသည်။

ကိုကိုအောင် .... ကိုကိုအောင် နှင့် ညီမလေး ရွှန်းကလည်း အောင်ထိုက်ဦးကို မျက်စိရှေ့က အပျောက်မခံနိုင်အောင် ချစ်လှသည်။

ဝမ်းနည်းကြေကွဲ စိတ်ပျက်ရသော နေ့များ ။

ပျော်ရွှင်ချမ်းမြေ့ သာယာ ကြည်နူးဖွယ်ရာနေ့များ နှင့် သံသရာလည်နေရင်းက တစ်နေ့တွင် အဆိုးဆုံး အစွန်းဆုံး သော အ ဖြစ်ဆိုးကြီးတစ်ခုနှင့် ရွှန်းပရိပ်မြုံက မိသားစုများ ကြုံကြိုက်လိုက် ရသည်။

လှည်းကူးက အပြန် ဦးမိုးဟိန်း မောင်းနှင်လာသော ကားကို အရက်တွေ မူးလာသော လော်လီကားမောင်းသူက ဝင်တိုက်လိုက်သဖြင့် ဦးမိုးဟိန်း ပွဲချင်းပြီး သေဆုံးသွားပြီး ဒေါ်ပပလှိုင်မှာ လည်း သေလုမြောပါး ဒဏ်ရာတွေ ရရှိပြီး ခြေထောက်နှစ်

ဘက်စလုံး သုံးမရအောင် ဒုက္ခိတ ဘဝသို့ ရောက်ရှိသွားတော့သည်။

ရွှန်းပပလှိုင်ကလေးကို ခရီးပန်းမည် ဆိုး၍ အိမ်မှာ ထားခဲ့သော ကြောင့် အသက် ဘေးမှ ကင်းလွတ် ခဲ့ရခြင်း ဖြစ်သည်။

မွေးစား ဖခင်ကြီး ဆုံးပြီဆိုကတည်းက မိမိဘဝလည်း ပျက်ပြီ ဖြစ်သည်ကို အောင်ထိုက်ဦး လေး နားလည်လိုက်ပါသည်။

"အောင်လေးရယ် တိတ်ပါ ကလေးရယ်၊ ဒေါ်ရွှေပွင့် တစ်ယောက် လုံး ရှိပါသေးတယ်၊ အားမငယ်ပါနဲ့ သားတိတ်နော်၊ ညီမလေးကို ခဏကြည့်ထား၊ ဒေါ်ရွှေပွင့် ဆေးရုံကို ပြေးလိုက်ဦးမယ်"

"ဟုတ် ... ဟုတ်ကဲ့"

အောင်ထိုက်ဦးသည် မျက်ရည်စတွေ ကို သုတ်ပစ်ပြီး ဒေါ်ရွှေပွင့် လက်မှ ညီမလေးရွှန်းကို ပွေ့ယူလိုက်သည်။

လူမမယ်ကလေးရွှန်းမှာ တော့ ကံဆိုး မိုးမှော င်ကျခဲ့သော အ ဖြစ်ကို ဘာမျှ မသိရှာဘဲ "ကစားမယ်နော် ... ကစားမယ်နော် ကိုကိုအောင် နဲ့ ...." အောင်ထိုက်ဦးနှင့် ကစားရန် အတွက်သာ စိတ်သန်နေပေ၏ ။

♥ ♥ ♥

ကိုး။

အသက် မသေသော်လည်း ရရှိလိုက်သည့် ပြင်းထန်သော ဒဏ်ရာကို ဒေါ်ပပလှိုင်သည် ရက်ရှည်လများ ဆေးရုံတွင် တက်၍ အကုအသ ခံခဲ့ရ၏ ။

မျက်နှာငယ် စိတ်အား ငယ်နေရှာသော အောင်ထိုက်ဦးကလေးကို သက်ညှာဖို့

ဒေါ်ရွှေပွင့်သည် ဒေါ်ပပလှိုင်ကို အခါအခွင့် သာတိုင်း ဖျောင်းဖျ နားချခဲ့သည်။

ဒေါ်ပပလှိုင်သည် ဆေးရုံပေါ်တွင် ဆေးအကုအသ ခံနေရသော အချိန်ကာလ တစ်လျှောက်လုံး တွင် ဘာတစ်ခုမှ ချို့သည် ခါးသည် မပြောသော်လည်း ဆေးရုံက ဆင်းလာပြီးသည့် နောက်တွင် တော့ အောင်ထိုက်ဦးကို ရွှန်းပရိပ်မြို့တွင် မထားနိုင်တော့ကြောင်း တိတိလင်းလင်းကြီး ပြောလာ၏ ။

"အစ်ကိုမိုးလဲ မရှိတော့ဘူး၊ သူ မဆုံးခင် ကတည်းက ပွဲရုံ စီးပွားရေး လုပ်ငန်းတွေ ကလဲ ကျနေတာ၊ ခုတော့ ပိုဆိုးတော့မှာ ပါ၊ ပါးစပ်တစ်ပေါက် အပို ကျွေးထားဖို့ မပြောနဲ့ ပပတို့ သားအမိတောင် အင်မတန် ခြိုးခြံ ခြွေတာနိုင်မှ ဘဝ ဆက်နိုင်ကြမှာ ဒေါ်ရွှေပွင့်ရဲ့ ၊ ဒီတော့ ..... အောင့်ကို သူ ဘယ်က လာတယ်ဆိုတာ ရအောင် မေးပြီး ဘဝ မှန် ရှိတဲ့နေရာ ပြန်ပို့လိုက်တော့"

"ပပ ဒီလောက်မှ ပြန်ပို့ချင်ရင်လဲ ပို့လိုက်ပါ၊ ဒါပေမယ့် ဒေါ်ရွှေပွင့် တစ်ခုတော့ တောင်းပန်ပါရစေ"

"ဘာလဲ ...."

ငေါက်ငေါက် ငမ်းငမ်း ဒေါ်ပပလှိုင် မေးလိုက်သည်။

"အတန်းတင်စာမေးပွဲ နောင်လ ဖြေရတော့မှာ ၊ ဒီစာမေးပွဲလေးတော့ အောင်လေး ဒီကနေ ဖြေသွားခွင့်ပြုပါ ပပရယ်၊ ဒါ သူ့ ဘဝအတွက် ပန်းတိုင် တစ်ခုပဲ"

"ကောင်းပြီလေ ... စာမေးပွဲ ပြီးတာနဲ့ သူ ဒီအိမ်ကနေသွားဖို့က ဒေါ်ရွှေပွင့် တာဝန်ပဲနော် ဒါပဲ"

"စိတ်ချပါ ပပ၊ ဒေါ်ရွှေပွင့် ကတိပေးတယ်"

အိမ်ကြီးပေါ်ကနေ ဦးမရမ်းသီး၏ တန်းလျားဆီသို့ ပြောင်းရွှေ့နေရန် အမိန့်ချခံရသော အောင်ထိုက်ဦးသည် သူ့ ပစ္စည်းတွေ ၊ ကျောင်း စာအုပ်တွေ သယ်ပိုး နေရင်းက ဒေါ်ရွှေပွင့်နှင့် ဒေါ်ပပလှိုင်တို့၏ အချီအချ စကားများ ကို နားနှင့်

ဆတ်ဆတ်ကြားလိုက်ရသည်။

ဝမ်းနည်းစိတ်ကို မထိန်းနိုင်လွန်း၍ မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် ကျစွာ ဖြင့် အောင်ထိုက်ဦး အိမ်ပေါ်က ပြေးဆင်းခဲ့မိသည်။

"ဟေး ... ကောင်လေး ဘာ ဖြစ်သလဲ"

"ဦးမရမ်းသီးရယ်၊ အောင် ဒီမှာ မနေရတော့ဘူး၊ အောင် သွားရတော့မယ်၊ အောင့်ကို မေမေကြီး ပပက နှင်နေပြီ အဟီး ... ဟီး ... ဟီး ...."

"ဟရေး ... ဒီမွေးမ ဘာကောင်သလဲ၊ အားကြီး စိတ်ပုပ်တယ်၊ နှင် မငိုနဲ့ နှင် သွားတယ်နော် ငါလဲ သွားမယ်၊ မရွှေလဲ သွားမယ်"

ဦးမရမ်းသီး သည် တဖျစ်တောက်တောက်နှင့် ကုလားလို့ ဒေါ်ပပလှိုင်အား မေတ္တာတွေ ပို့နေ၏ ။

အောင်ထိုက်ဦးလည်း ဝမ်းနည်းစိတ်ကို မြိုသိပ်မထားနိုင်သဖြင့် နင့်နင့်နဲနဲကြီး ရင်ပွင့်မတတ် ငိုရှိုက်ပစ်လိုက်သည်။

"မငိုနဲ့ ... မငိုနဲ့"

သူ့ ကျောပြင်ကလေးကို တပွတ်ပွတ်နှင့် ဦးမရမ်းသီးက နှစ် သိမ့်ရှာပါသည်။

ထိုနေ့ကစလို့ "ရွှန်းပရိပ်မြို့" တိုက်ကြီးပေါ်သို့ အောင်ထိုက်ဦး မတက်ဘဲ နေလိုက်တော့ သည်။

ဒေါ်ရွှေပွင့် ပို့ပေးသမျှ ကျွေးသမျှလေးနှင့် သာ ရောင့်ရဲတင်းတိမ်စွာ နေခဲ့ပြီး အတန်းတင် စာမေးပွဲကြီး ထိုက်ထိုက်တန်တန် အောင်နိုင်ဖို့ အောင်ထိုက်ဦး ကြိုး စားပါတော့သည်။ ကြိုး စားရကျိုး နပ်ပါသည်။

အောင်ထိုက်ဦးသည် အတန်းတင် စာမေးပွဲကြီးကို မျှော်လင့်ချက် ကြီးစွာ ထားရှိသည့် အတိုင်း ရာနှုန်းပြည့် ဖြေဆိုနိုင်ခဲ့ပေသည်။

စာမေးပွဲ ဖြေဆိုနိုင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရခြင်းနှင့် အတူ အသည်းနစ်အောင် ကြေကွဲ ဝမ်းနည်းရခြင်းအ ဖြစ်ကို အောင်ထိုက်ဦးသည် စာမေးပွဲ နောက်ဆုံးနေ့တွင် ခံစားခဲ့ရသည်။

သွားရတော့မည် "ရွှန်းပရိပ်မြို့" ကို ခွဲ၍ သွားရပေတော့မည် ။

ချစ်သော ညီမလေးရွှန်းနှင့် ခွဲသွားရပေတော့မည် ။

ညနေရထားဖြင့် ခရီးသွားရန် သူ့ ပစ္စည်းပစ္စယကို ထည့်သိုနေစဉ် ဒေါ်ရွှေပွင့်သည် ညီမလေးရွှန်းကို ချီ၍ သူ့ ဆီသို့ ရောက်လာသည်။

"ညီမလေး"

ရတ်ခြည်း ထိုင်ရာက ထပြီး ရွှန်းကလေးကို သူ ဖက်လိုက်လိုက်သည်။

ရွှန်းကလေး၏ မို့မို့ ဖောင်းဖောင်း ပါးအိုးကလေး နှစ် ဘက်ကိုလဲ တအား နမ်းပစ်လိုက်သည်။

သဘောကျ၍ ရယ်မြူး နေသော ညီမလေးရွှန်း၏ မျက်နှာကလေးနှင့် ညီမလေး ရွှန်းကို သူပေးခဲ့သော နှုတ်ဆက် အနမ်းကို အောင်သည် အသက်နှင့် ခန္ဓာ တွဲ နေသရွေ့ မေ့နိုင်တော့မည် မဟုတ်ပါ။

ရွှန်းလေးက တခစ်ခစ်နဲ့ ရယ်နေရှာ၏ ။

သူ့ အ ဖြစ်ကို ဘာမှမသိရှာလေ ....။

"ဒေါ်ရွှေပွင့် သမီးလေးကို ချက်ချင်း ပြန်ခေါ်လာခဲ့"

ဒေါ်ပပလှိုင်၏ ငှက်ဆိုးထိုးလိုက်သလို အသံကြီးက အောင်ထိုက်ဦး၏ ကိုယ်ကို ဆွဲခါလိုက် သည်သို့ တုန်လှုပ်သွားစေသည်။

"နေဦးနော် လူလေး၊ ကြီးရွှေ ကလေးကိုထားပြီး ပြန်လာခဲ့မယ်"

"တွားဘူး .... တွားဘူး ... ကိုကိုအောင်နဲ့ နေမယ်၊ အင်း ... ဟီး .. ဟီး ... ဟီး .."

ရွှန်းလေးသည် ဒေါ်ရွှေပွင့်၏ လက်ထဲတွင် တွန့်လိမ်ကောက်ကွေး၍ ငိုကာ ပါသွားရှာ၏ ။

"မေမေကြီးရယ် ... ဘာလို့ အောင့်ကို ဒီလောက် မုန်းတီးနေရတာ လဲဗျာ"

အောင်၏ မျက်ဝန်း နှစ် ဘက်မှ မျက်ရည်တွေ အဆက်မပြတ် သွယ်ကျလာတော့သည်။

"ကဲ ကလေးလုပ် နင့်ပစ္စည်းထည့်၊ ငိုမနေနဲ့ အလကား သူ ကောင်းတယ်နော် ... ကိုယ်ကောင်းပါ၊ သူမကောင်းဘူးနော် ... ဘာ ဂရုစိုက်လဲ"

ဦးမရမ်းသီးက အောင်ထိုက်ဦး ငိုနေသည်ကို ကြားကာ မခံမရပ်နိုင်အောင် ဖြစ်နေ၏ ။

ဦးမရမ်းသီး ပြောဆိုနေသံကြားလိုက်ရသော ဒေါ်ရွှေပွင့်သည် သူ့ မျက်လုံးကြီးများ ကို ဦးမရမ်းသီးအား ပြူး ပြလိုက်သည်။

"မရမ်းသီး၊ ဟိုက ကြားသွားလို့ မရမ်းပြား ဖြစ်သွားဦးမယ်၊ နင့် ပါးစပ်ပိတ်ထားစမ်း၊ နင်လဲ အသက်ကြီးနေပြီ ဘုံပျောက်သွားမယ် ဘာမှတ်သလဲ"

ဦးမရမ်းသီးလည်း ပါးစပ်ပိတ်ပြီး အိမ်ခန်းထောင့် တစ်နေရာတွင် သွားထိုင်နေတော့သည်။

"အောင်ဘာတွေ ထည့်ဖို့ကျန်သေးလဲဟင် ... ကလေး"

"အားလုံး ပြည့်စုံနေပါပြီ ကြီးရွှေ"

"ရော့ ... ဒါယူသွား"

"အို .... အောင် ပိုက်ဆံ မလိုချင်ဘူး၊ အောင်လိုချင်တာ မေတ္တာပါ၊ ကြီးရွှေရယ်၊ ဦးမရမ်းသီးရယ်၊ ဖေဖေကြီးရယ်၊ ညီမလေးရွှန်းလေးရယ်ဆီက အောင် မေတ္တာတွေ အများ ရခဲ့ပြီး ပါပြီ၊ တစ်နေ့ တစ်နေ့ အရှယ်နဲ့ မလိုက်အောင် လုပ်ရှားပြီး ရထားတဲ့ ကြီးရွှေရဲ့ ချွေးနဲ့စာကို အောင်မလိုချင်ပါဘူးဗျာ"

“သြော် ကလေးရယ်၊ ကြီးရွှေမှာ ငိုစား ရယ်စား ရမယ့် လူ မရှိပါဘူး ယူပါ”

“မယူပါရစေနဲ့၊ အောင် ဟိုမှာ အဆင်ပြေမှာ ပါ၊ အောင် သိတယ်၊ ကြီးရွှေ အတွက် မတ်တတ်စာ တုံးလုံးစာထားပါ ကြီးရွှေ၊ တစ်နေ့ အောင် ကြိုး စားတဲ့အတိုင်း ချမ်းသာလာရင် ကြီးရွှေနဲ့ ဦးမရမ်းသီးကို အောင်က ခေါ်မယ်၊ အခွင့်သာလာရင် ညီမလေး ရွှန်းရဲ့ ဘဝ တစ်သက်စာ အတွက်လဲ အောင် တာဝန်ယူသွားမယ်၊ အောင် ကြိုး စားမယ် ကြီးရွှေ၊ အောင် အရမ်း ကြိုး စားမယ်”

အောင်သည် ဘေးနစ် ဘက် ဆန့်ချထားသော လက်နစ် ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ခံယူချက်ကြီးစွာ ဖြင့် ပြောလိုက်သည်။

“ကဲ ... ကဲ .... ကလေး သွားတော့၊ ရထားချိန်နီးနေပြီ”

“ကြီးရွှေကို သားကန်တော့ပါတယ်”

“သာဓုကွယ် ... သာဓု ... သာဓု .... ငါ့သားလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာဆုများ တစ်လုံး တစ်ဝနဲ့ ပြည့်စုံပါစေ၊ ရန်သူမျိုး ငါးပါး ဘေးမှ ကင်းဝေးပါစေ၊ ရောဂါ ဘယဆိုးများ မှ ကင်းဝေးပါစေ ....”

ဒေါ်ရွှေပွင့်သည် မျက်ရည်စတွေ ကို အင်္ကျီလက်စဖြင့် တတိုပတို့ သုတ်ရင်း ကြေကွဲ ဝမ်းနည်းသံကြီးဖြင့် ဆုတွေ အဆက်မပြတ် ခြွေချနေ၏ ။

အောင်ထိုက်ဦး သည် တိုက်ကြီးဘက်ဆီသို့ လှည့်ပြီးလည်း ....

“မေမေကြီး ပပလှိုင်ကို သား ကန်တော့ခဲ့ပါတယ်”

ဦးချနေသော အောင်ထိုက်ဦးကို ကြည့်ပြီး ဒေါ်ရွှေပွင့်၏ ရင်ထဲတွင် နာကျင်သော ဝေဒနာ ဖြစ်လာ၏ ။

“ဦးမရမ်းသီးကို ကန်တော့ပါတယ်”

“ကောင်ကလေး ချမ်းသာပါစေ ၊ နေကန်းပါစေ”

ဦးမရမ်းသီးက ဆုချလိုက်တော့သည်။

ငိုအားထက် ရယ်အားသန်သွားရသည်။

"ဟဲ့ ... မရမ်းသီးရဲ့ ကောင်းပါစေလို့ ပီပီသသပြောစမ်းပါဟယ် ...."

"နာ စကား မပီဘူးလေ မရွှေးရဲ့၊ နာပြောတာ စေတာနာ သန့်သန့်လေးပါ"

"ထားပါတော့ .... ထားပါတော့၊ ကဲ ... ကလေးကို ကောင်းကောင်း ခေါ်သွားတော့ ရထားမမီဘဲ နေမယ်"

"စိတ်ချ မရမ်းသီးနဲ့ သွားတော့နော်၊ ဘာမှ မ ဖြစ်စေရဘူး၊ လာ ... ကောင်လေး တွားမယ်"

ဦးမရမ်းသီးလည်း အောင်ထိုက်ဦးကို လက်တစ်ဘက်က ဆွဲပြီး ကျန်တစ်ဘက်က အောင်ထိုက်ဦး၏ သေတ္တာကိုဆွဲကာ သူ့ အဆောင်ကလေးပေါ်မှ ဆင်းသွားတော့သည်"

"နှုတ်ဆက်ခဲ့ပါတယ် ညီမလေး ရွှန်းလေးရယ် ...."

"နှုတ်ဆက်ခဲ့ပါတယ် ရွှန်းပ ရိပ်မြုံကြီးရယ်"

♥ ♥ ♥

## တစ်ဆယ်။

"ဒါ ... ဒါ ဆိုရင် ရှင်က ရွှန်းရဲ့ မွေးစားအစ်ကိုပေါ့ နော်"

"သိပ် ဟုတ်တာပေါ့ ရွှန်းလေး၊ မွေးစား အစ်ကို အစစ်ပါ"

အောင်ထိုက်ဦးက ဝမ်းသာအားရ ပြေလိုက်ရာသည်။

ရွှန်း၏ မျက်နှာပေါ်တွင် ဝမ်းသာမှု အရိပ်အယောင်လုံးဝ မတွေ့ရသည့်ပြင်

ပိုမိုခက်ထန် သုန်မှု န်သွားခဲ့၏ ။

"တော် တော် ..... ဖေဖေရဲ့ ကျေးဇူးကို သိတတ်တဲ့ အစ်ကိုပဲနော်၊ သိပ်လဲ တော်ချင်စရာ ကောင်းတဲ့ လူ တစ်ယောက် ပဲ"

"ဘာ ဖြစ်လို့လဲ ရွှန်းလေးရဲ့ "

အောင်ထိုက်ဦး အံ့အားသင့်စွာ ဖြင့် ရွှန်းကိုကြည့်လိုက်သည်။

"ရှင့်လောက် သိတတ်တာ မရှိဘူး၊ တစ်ခါတည်း ရွှန်းပရိပ်မြို့က မိသားစု အကြောင်း သိနေ လိုက်တာမှ အကြားအမြင်ပေါက်နေတဲ့ အတိုင်းပဲ၊ ဒါတော် မှ ဖေဖေဆုံးပြီး စီးပွားတွေ ပျက်၊ မိသားစု အကျပ်အတည်းတွေ တွေ့နေရတာ ရှင် ဒီလောက် ချမ်းသာနေလျက်နဲ့ ပြန်လှည့်ကြည့်ဖော်တောင် မရဘူး၊ ဘာမွေးစားရကျိုး နပ်သလဲ ဟွန်း ...."

"ဟာ ...ရွှန်းလေး ဒီလို အရမ်းမပြောနဲ့၊ ကိုယ် ...ရွှန်းလေးနဲ့ မေမေကြီး ပပလှိုင်ကို ပစ်မထားဘူး"

"ဘာ .... ပစ်မထားတာလဲ၊ ရှင် ပစ်ထားလို့ ရွှန်းတို့ မိသားစုစီးပွားရေး ကို ကိုနေက ဝင်ကူသွားတာပေါ့"

"ဒါ ကတော့ ရွှန်းလေးရယ်၊ ရွှန်းလေးတို့ သားအမိလောက်ငှအောင် ရွှေမိုး ပို့ဆောင်ရေး လုပ်ငန်းက ဝင်ငွေရှိနေတာပဲ၊ ဒါကို ရွှန်းလေး မေမေက အထည်ကြီးပျက်ဆိုတော့ လောက်ငှတယ် ဘယ်ထင်မှာ လဲ၊ သူ နေမျိုး ဇော်ကို ဆရာတင်တော့ ကိုယ် မတတ်နိုင်ဘူးလေ"

"ဟင် .... အောင်ရွှေမိုး ပို့ဆောင်ရေး သင်္ဘောကိစ္စလဲ ရှင် ... ရှင်က သိနေတာပဲလား"

အဖြေမပေးဘဲ အောင်ထိုက်ဦးက သွားစေ့၍ ရယ်လိုက်သည်။

ရွှန်းပပလှိုင် သူ့ မျက်နှာကြီးကို မျက်မှော င်ကုပ်၍ စိုက်ကြည့်နေ၏ ။

"ကိုယ် ပြောပါရောလား ရွှန်းလေး၊ ရန်ကုန်က ရွှန်းပရိပ်မြို့မှာ အပ်ကျတာတောင်

ကိုယ်သိပါတယ်လို့”

“ဒါ ကတော့ ရှင့်မှာ ကြီးရွှေ တစ်ယောက် လုံး လူယုံ ရှိနေတာကိုး .....”

“ဟုတ်ပါတယ် ... ကြီးရွှေကြောင့် ပဲ၊ ကိုယ်ဝန်ခံပါတယ်၊ ဒါပေမယ့် ကြီးရွှေကို အထင်မလွဲပါနဲ့ရွှန်းလေး၊ ကြီးရွှေဟာ ရွှန်းလေးတို့ မိသားစုအပေါ်မှာ အင်မတန် သစ္စာကြီးမားတဲ့ အမျိုး သမီးကြီး တစ်ယောက် ပါ၊ အထူးသဖြင့် ရွှန်းလေးကို လောကအလယ်မှာ မျက်နှာမငယ်ရအောင် ထားနိုင်ဖို့ ကြိုး စားပါလို့ အထပ်ထပ် အခါခါ ရေး ခဲ့တယ် ....

“ဒါကြောင့် မို့လဲ ဖေဖေဦးဘသာကို ဖေဖေကြီးဦးမိုးဟိန်း ရင်းနှီးစားသောက်ဖို့ စီစဉ်ပေးခဲ့တဲ့ ဟောဒီ ခြံမြေကလေးကို ကျောင်းစာတစ်ဘက်သင်ရင်းက ဖေဖေနဲ့အတူ ကြိုး စားလုပ်ကိုင်ခဲ့တယ်၊ သားအဖနှစ် ယောက် စလုံး ကြိုး စားအားထုတ်မှု ကနေ အကျိုး စီးပွား ဖြစ်ပြီးတော့ ခြံလေးကို ချဲ့ချဲ့ပြီး ဝယ်နိုင်ခဲ့တာ ခုဆိုရင် ဆယ်ဧက ကျော်သွားပြီ၊ ရာသီလိုက်သီးနှံထွက်နှုန်းကလဲ တစ်နှစ် ထက် တစ်နှစ် ပို ဖြစ်ထွန်းလာတယ်လေ ရွှန်းလေးရဲ့ ၊ရွှန်းလေး ဘာမှ မပူနဲ့၊ ကိုယ်ကြိုး စားထားသမျှရွှန်းတွေ း အတွက်ချည်းပဲ သိလား”

“ရွှန်းအတွက် မပူပါနဲ့၊ရွှန်းကို တာဝန် ယူမယ်လို့ ရှိနေပြီးသားပဲ”

ရွှင်မြူး တက်ကြွစွာ စကားတွေ ပြောနေသော အောင်ထိုက်ဦးသည် ရုတ်ခြည်း မျက်နှာကြီး အိုကျသွား၏ ။

“ရွှန်းလေးက သူ့ကို အားကျတယ် ဟုတ်လား”

“အားကိုးတယ် လုပ်မနေပါနဲ့လေ၊ အားကို ကိုးခဲ့ရပြီး ပြီပဲ ခုမှ ဘွာခတ်လို့ မရတော့ဘူးရှင့်၊ရွှန်းဘက်က ကတိပျက်တာမျိုး အ ဖြစ် မခံနိုင်ဘူး”

“စဉ်းစားပါဦးလေ ရွှန်း သူ့ကို တစ်သက်တာအတွက် ဘဝကို ပုံပေးပြီး အားကိုးသင့်တဲ့ လူသားလို့”

“နေပါဦး ကိုနေ့အကြောင်းကော ရှင်က သိနေတာ ပါလား ဦးသိပ်သိကြီးရဲ့ ”

"အင်း ...ရွှန်းနဲ့ ပတ်သက်နေတဲ့ အဓိက လူဆိုတော့ သူ့ အကြောင်းကိုလဲ ကိုယ် ... စစ်စစ်ပေါက်ပေါက် သိနေပါတယ် ရွှန်းလေး၊ ဘယ်အထိ သိနေသလဲဆိုရင် ရွှန်းလေး ဘွဲ့ယူပြီးတာနဲ့ နေမျိုး ဇော်နဲ့ လက်ထပ်ကြတော့မှာ မေမေကြီး ဒေါ်ပပလှိုင်က အချိန်ဆွဲမထားနိုင်တော့ဘူး ဆိုတာလေ"

"ဟုတ်တယ်လေ ... ဒီအတိုင်းပဲ လုပ်ဖို့ ကိုနေနဲ့ ပြောခဲ့ဆိုခဲ့ ကြတာပဲ"

"အဲဒီ ကိစ္စကြောင့် ကိုယ်ရွှန်းလေးကို ခုလို ကြားဖြတ်ခေါ်ခဲ့ရတာ လဲ ရွှန်းလေး သူ့ကို မယူရဘူး"

"ဘာပြောတယ်"

ရွှန်းသည် ထိုင်ရာမှ ဝုန်းခနဲ ထပြီး အောင်ထိုက်ဦး၏ မျက်နှာကို ကြည့်လိုက်သည်။

ဒေါသ မျက်ဝန်းများ ဖြင့် အောင်ထိုက်ဦးကို ကြည့်လိုက်သည်။

"ဟုတ်တယ် ...ရွှန်းလေး သူ့ကို မယူရဘူး ၊ မြာပွေတတ်တဲ့ လူ တစ်ယောက် ကို ရွှန်းလေးယူရင် ရွှန်းလေး ဘဝ ဘယ်သာယာပါ့မလဲ"

"ဒါ ...ရွှန်းကိစ္စပါ၊ ရှင်နဲ့ မဆိုင်ပါဘူး"

"ဆိုင်တယ်၊ ရွှန်းကိစ္စ မှန်သမျှ ကိုယ့် ကိစ္စချည်းပဲလို့ ကိုယ်က သဘောထားနေတာ"

"ကဲ ... တော် လောက်ပါပြီ၊ ရှင့် တရားတွေ ရွှန်း နာပြီးပြီ ဒီကနေ ပြန်ပါရစေတော့၊ ရွှန်း မန္တလေးကို ဆင်းချင်ပြီ"

"ရွှန်းကို ခေါ်လာကတည်းက ပြန်ပို့ဖို့မှ မဟုတ်တာပဲ"

"ဘာရှင့် ...."

"ဟုတ်တယ်၊ ရွှန်းလေး၊ ရွှန်းပပရိပ်မြုံဆိုတာ ရွှန်းလေးရဲ့ အိမ်ပဲ ရွှန်းလေး

နေရမှာ ပေါ့”

“အို ... မနေနိုင်ပါဘူး၊ ကိုယ့် အိမ် ဟုတ်မှန်း ကိုယ်သိ နေတဲ့ ဥစ္စာ၊ ရှင့် စိတ်ကူးယဉ်တွေ ကို ရွှန်းက လိုက်လုပ်မယ်များ မှတ်နေသလား”

“လုပ်ရမှာ ပေါ့ ... ကိုယ်က စိတ်ကူး ယဉ်ထားတာ တစ်နေ့မှာ လက်တွေ့ အကောင်အထည် ဖော်တတ်တဲ့ လူစားမျိုး တစ်ယောက် ရွှန်းလေးရဲ့၊ ရွှန်းလေးကို ကိုယ် ဒီအိမ်ကြီးထဲကနေ ပြန်မလွှတ်နိုင်တော့ဘူး ရွှန်းလေးရဲ့ ဘဝ အဖော်မွန်ဟာ နေမျိုး ဇော် မဟုတ်ဘူး၊ အောင်ထိုက်ဦးပဲ ဖြစ်ရမယ်”

“ရှင် ... ရှင် ... ရူးနေသလား၊ ရှင် ရွှန်းကို အလိုမတူဘဲ ခေါ်လာမှု နဲ့ ထောင်ကျသွားချင် သလား ဟင်”

အောင်ထိုက်ဦးက ဒေါသ ထွက်နေသော ရွှန်း၏ မျက်နှာ နီနီကလေးကို လက်ပိုက်ကြည့်ပြီး ရယ်နေ၏ ။

“ဒီလူ ရူးနေတာ ထင်ပါရဲ့၊ ဒီက ငါအမြန်ဆုံး ထွက်သွားမှ ဖြစ်မယ်”

ရွှန်းပပသည် ချာခနဲ လှည့်ကာ နေရာမှ ထွက်သွားဟန် ပြင်လိုက်သည်။

အောင်ထိုက်ဦးက လျင်မြန်သွက်လက်လှသည်။

ရွှန်း၏ လက်ကလေးကို လှမ်းဆွဲလိုက်ရာ ရွှန်း၏ ကိုယ်ကလေး အရှိန်နှင့် လည်ကာ သူ ရင်ခွင်ကျယ်ကြီးထဲသို့ ရောက်ရှိသွားသည်။

“အို ....”

ရုတ်တရက် မှင်တက်မိသလို ဖြစ်သွားသော ရွှန်းကို သန်မြန်သော အောင်ထိုက်ဦး၏ လက်များ က တင်းကျပ်စွာ ဖက်ထားလိုက်သည်။

နွေးထွေးသော နှုတ်ခမ်း၏ အနမ်းများ က နက်မှောင်အိထွေးသော ဆံပင်တွေ ပေါ်သို့ အဆက်မပြတ် ကျလာသည့် အခါတွင် တော့ ....

ရွှန်း၏ အသည်းနုနုကလေး တုန်ခါ သွားရတော့သည်။

အသက်ရှူမှား ကာ ရင်ခုန်သံ မြန်နေသော ရွှန်း၏ နုထွေးလှပသည့် မျက်နှာကလေးကို မေးဖျားကလေးမှ နေ၍ အောင်ထိုက်ဦးက မယူလိုက်ပြီး ရွှန်း၏ ကော့ရွှန်းသော မျက်တောင် အောက်မှ မျက်ဝန်းလှလှလေး တစ်စုံကို နက်ရှိုင်းစွာ ကြည့်လိုက်သည်။

သူ့ အကြည့်က ရွှန်း၏ ပြည့်တင်းလှပသော နှုတ်ခမ်းလွှာကလေး တစ်စုံကို တဆတ်ဆတ် တုန်လာစေသည်။

"ရွှန်းလေးရယ်၊ ရွှန်းလေး ကိုယ့်ကို မမုန်းပါဘူး၊ ဟိုး ငယ်ငယ်လေးကတည်းက ကိုယ်က ရွှန်းလေးကို သိပ်ချစ်သလို ရွှန်းလေးကလဲ ကိုယ့်ကို သိပ်ချစ်ခဲ့တာပါ၊ သွေးမတော် သားမတော် ဖူးတဲ့ အသိက လှုံ့ဆော်လာလို့ ရွှန်းလေးကိုကိုယ် ... ကိုယ် ဒီနေ့ ဒီအချိန်မှာ ညီမလေးလို ချစ်ရာကနေ ...."

"ရှင် ... ရွှန်းကို လွှတ်ပါ၊ ရွှန်း မျက်နှာများ တဲ့ မိန်းကလေး တစ်ယောက် အ ဖြစ် မခံနိုင်ဘူး၊ ရွှန်း ကတိပေးထားပြီးတဲ့ လူကိုပဲ ရွှန်း လက်ထပ်နိုင်မယ်"

"စဉ်းစားပါဦး ရွှန်း လေးရယ် ...."

"အို ... စဉ်းစားစရာမလိုတော့ဘူး၊ ရွှန်း ခု ဒီကို ခရီးထွက်လာတာ သူနဲ့ တွေ့ဖို့ပဲ ဆိုတာ ရှင် သိထားစမ်းပါ"

အောင်ထိုက်ဦး၏ မျက်နှာကြီး ငယ်ခနဲ ဖြစ်သွားပြီး ရွှန်းကို တင်းကျပ်စွာ ဖက်ထားသော လက်များ ပြေကျသွားတော့သည်။

"အင်း ... ရွှန်းလေးဟာ ဟိုး ငယ်ငယ်လေးကတည်းက အင်မတန် အစွဲအလမ်းကြီးတဲ့ ကလေး၊ ခေါင်းမာတဲ့ ကလေးဆိုတာ ကိုယ် မေ့ထားခဲ့မိတာ၊ ကိုယ်လိုချင်တဲ့ ကစားစရာကိုမ ရရင်ကျုံကျုံပါအောင် ရွှန်းလေး ငိုတတ်တယ်၊ လက်ထဲက နို့ ပုလင်းကို ပေါက်ခွဲပစ်တတ်တယ်၊ ဒါပေမယ့် ရွှန်းလေးရယ်၊ ခုကိစ္စက တစ်သက်တာ

ဘ၀ခရီးအတွက် အသေအချာ ဆုံးဖြတ်ရမယ့် ကိစ္စပါ၊ အင်မတန် အရေး ကြီးပါတယ်၊ အဆုံးအဖြတ်မမှား ဖို့ သိပ်စဉ်းစားဖို့ အချိန်တော့ ပေးသင့်တာပေါ့ ....”

မျက်နှာပေါ်တွင် ကြေကွဲ ဝမ်းနည်းရိပ်တွေ မှ နိဝေစွာ ဖြင့် ပြောနေသော အောင်ထိုက်ဦးကို ကြည့်ရင်းက ရွှန်း တစ်ယောက် မျက်လွှာချသွားတော့သည်။

“အင်း ... တစ်မျိုး ကြီးပဲ၊ သူ့ကို ငါ ပြတ်ပြတ်သားသားကြီး ရန်ထောင်ပစ်လိုက်သင့်ရဲ့နဲ့ ...”

“ရွှန်း ... အနားယူပါဦးလား၊ လာပါ၊ အိမ်ထဲက ထမင်းစားခန်းထဲမှာ ရွှန်း အတွက် စားသောက်စရာတွေ နန်းဝေဖူး ပြင်ထားခဲ့တယ်”

“နန်းဝေဖူးတဲ့ သူက ဘယ်သူလဲ၊ ဘယ်အရွယ်လေးပါလိမ့် ဒီလူကြီးက သူ့ကိုယ်သူ တစ်ကောင်ကြွက်လို့ ပြောထားပြီပဲ၊ ဒီတော့ ဒီနန်းဝေဖူးဆိုတာ သူနဲ့ ဘယ်လိုမှ အမျိုး အဆွေ မဟုတ်တာ သေချာတယ်”

မိန်းမလေး နာမည် တစ်လုံး ကြားလိုက်မိသည်နှင့် ရွှန်း၏ အတွေးများ သည် ကျယ်ပြန့်သွားတော့၏ ။

“အို ... နေစမ်းပါဦး ၊ ဒီနန်းဝေဖူးဆိုတာ ဒီလူကြီးရဲ့ ရည်းစားပဲ ဖြစ် ဖြစ် ဇနီးမယားပဲ ဖြစ် ဖြစ် ငါ့ အပူလား၊ ငါကိစ္စက သူ့ ရှေ့ကနေ အမြန်ဆုံး ထွက်သွားဖို့ပဲ ဟား ..... ငါ ငါ စိတ်တွေ လဲ ကယောက် ကယက်နဲ့ ဘာတွေ ဖြစ်ကုန်မှန်း မသိတော့ပါဘူး”

“ရွှန်းလေး ..... လာလေ”

“ရွှန်း ဘာမှ မစားချင်တော့ဘူး၊ ရွှန်းကို ရွှန်း သူငယ်ချင်း အေးမွှန်စံဆီပဲ အမြန်ဆုံး ပြန်ပို့ပေးပါ”

“ပို့ပေးချင်ပါတယ်၊ ဒါပေမယ့် သူ မန္တလေးမှာ ရှိမနေဘူး၊ ရွှန်းလေးရဲ့ ”

“ဘာရှင့်၊ မနေ့ကပဲ သူနဲ့ ရွှန်း စကား ပြောခဲ့ပြီးပြီ၊ သူ ရှိနေလို့သာ ရွှန်း အိမ်က ထွက်လာ ဖြစ်ခဲ့တာပဲ ရှင် ဘာစကားတွေ လာပြောနေတာလဲ”

ရွှန်း အသံကလေးက ဒေါသဖြင့် စာနေသည်။

"ရွှန်းရယ် ဒေါသရှေ့မထားပါနဲ့ လာပါ၊ ကိုယ့် ဧည့်ခန်းထဲမှာ ဖုန်းရှိပါတယ်၊ ရွှန်း ဆက်ကြည့်လိုက်ပါ"

အောင်ထိုက်ဦးရှေ့က ဦးဆောင်၍ ထွက်သွားသဖြင့် ရွှန်းလည်း စူမှုနံနေသော မျက်နှာကလေးဖြင့် သူ့ နောက်သို့ လိုက်သွား၏ ။

"ရော့ ....ရွှန်းလေး အေးမွန်စံဆီ ဆက်ကြည့်လိုက်ပါ"

ရွှန်းသည် အောင်ထိုက်ဦး၏ လက်မှ တယ်လီဖုန်းကို ဆတ်ခနဲ ဆွဲယူလာပြီး သူ့ကို ခပ်စူးစူး တစ်ချက်ကြည့်လိုက်ပြီးမှ ဂဏန်းများ ကို လှည့်လိုက်သည်။

အောင်ထိုက်ဦးသည် တစ်ယောက် ထိုင် ဆိုဖာကုလားထိုင်ကြီး တစ်လုံးတွင် ဝင်ထိုင်ပြီး အေးအေး ဆေးဆေး အမူအရာဖြင့် သူ့ရှေ့ စားပွဲပေါ်က စီးကရက်ဘူးကို လှမ်းယူလိုက်သည်။

သူ စီးကရက်ကို မီးညှိနေစဉ် ရွှန်းသည် အေးမွန်စံ၏ နေအိမ်ဆီသို့ ဖုန်းအဆက်အသွယ် ရရှိသွားသည်။

"ဟဲလို ..... ဘယ်သူပါလဲ"

"ဟဲလို ... ဒေါ်အေးဘုံလား ၊ ရွှန်းပါ၊ အေးမွန်နဲ့ စကားပြောချင်လို့"

"ဟဲ့ ....ရွှန်းလေး လား၊ ရွှန်းလေး မိုးကုတ် တက်သွားတယ် ဆိုတာနဲ့ အေးမွန်လဲ ခုနက မုံရွာကို ထွက်သွားပြီ။ သူ့ ယောက်ျားကို သွားကြို့တာလေ"

"သူ ... သူ ဘယ်နေ့ပြန်လာမှာ လဲဟင် ... ဒေါ်အေးဘုံ"

"လေး ငါးရက် တော့ ကြာတတ်တာပဲ၊ ရွှန်း သူနဲ့ စကားပြောချင်ရင် မုံရွာဖုန်း ( .... ) ကို ညကျတော့ ဆက်လိုက်လေ"

ရွှန်း အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားတော့သည်။

ရွှန်း အောင်ထိုက်ဦးကို ကြည့်ရင်း ....

"နေပါစေတော့" ပြောကာ ဖုန်းကို ချလိုက်သည်။ "သူ မရှိဘူး မဟုတ်လား၊ ကိုယ် လိမ်ညာ မပြောတတ်ပါဘူး ရွှန်းလေးရဲ့ "

"ရှင် သိပ်နပ်တယ်၊ အေးမွှန်အိမ်မှာ မရှိတာ ဘယ်လို သိသလဲ၊ ရှင်တို့ ကြို တင်ပြီး အကွက်ရိုက်ထားကြတာလား ဟင် ..."

"အား ... မဟုတ်ရဘူး ရွှန်းလေးရာ၊ ကိုယ်က သိပ်ဆန္ဒတွေ စောပြီး ရွှန်းလေး သူ့ဆီပဲ ရောက်သွားသလား၊ ကိုယ် စီစဉ်ထားသလို ကိုယ့်ဆီပဲ ရောက်လာ သလားဆိုတာ သိချင်တာနဲ့ အေးမွှန်စံ အိမ်ကို ရထားဆိုက်ပြီး နာရီဝက်အတွင် းမှာ ကိုယ်ဖုန်းဆက်ကြည့်လိုက်တယ်လေ"

"ရှင် .. ရှင် သိပ်ဉာဏ်များ တဲ့ လူကြီးပဲ"

"ရိုးသား မြတ်နိုးစွာ နှင့် ဉာဏ်များ ခြင်းပါ၊ ရွှန်း ကဲ ... လာပါ၊ တစ်ခုခုတော့ စားလိုက်ပါ၊ ရွှန်းလေး ... ဆာနေမှာ ပေါ့၊ ခရီးရှည်ကြီးကို လာခဲ့ရတာ "

"ဘာမှ မစားချင်ပါဘူး ၊ ဆာလဲ မဆာဘူး၊ ဒီအိမ်ကြီးထဲကပဲ အမြန်ဆုံး ထွက်သွား ချင်တယ်"

"ရွှန်းလေးရယ် ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်ဟာ ရွှန်းလေး ဖေဖေရဲ့ မွေးစားသား တစ်ယောက် ပါ၊ ရွှန်းလေး ဖေဖေရဲ့ ကျေးဇူးတွေ ကို ဘယ်တော့မှ ကန်းမယ့်လူစားမျိုး တစ်ယောက် မဟုတ်ပါဘူး၊ ရွှန်းလေးကို ကိုယ် ချစ်နေတာ သန့်စင် မွန်မြတ်တဲ့ မေတ္တာနဲ့ပါ၊ ရွှန်းလေးရဲ့ စိတ်ဆန္ဒမပါဘဲ ဘာကိုမှ မတရားသဖြင့် မလုပ်ဘူးဆိုတာ ရွှန်းလေးစွဲစွဲမြဲမြဲ ယုံကြည်ထားပါကွယ်၊ ရွှန်း ခရီးပန်းလာပါတယ်၊ အနားယူလိုက်ပါဦး၊ ဟိုမှာ လဲ အေးမွှန်စံ ရှိမနေဘူးဆိုတော့ ရွှန်း ဒီမှာ နေပြီး အနားယူရင်း ရွှန်း ဘဝတစ်သက်တာအတွက် အဆုံးအဖြတ် ပေးဖို့ကို စဉ်းစားပါ ....."

"ရွှန်းသည် လက်ကလေး ပိုက်ပြီး စဉ်းစားပါ ...." ခေါက်တုံ့ ခေါက်ပြန်

လမ်းလျှောက် လိုက်ပြီးမှ .... ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်။

"ဒီမှာ တည်းခိုခန်း ကောင်းကောင်း ရှိတယ် မဟုတ်လား"

"အား ... ရှိတာပေါ့၊ ဘာလုပ်မလို့လဲ ရွှန်းလေးရဲ့ " "ဖေဖေ့ ... ကျေးရူးတွေ ရှင့်မှာ ရှိတယ်ဆိုတော့ သူ့ကို ကျေးဇူး ပြန်ပြုတဲ့ အနေနဲ့ သူ့ သမီးကို စိတ်ချမ်းသာအောင် ရှင် လုပ်ပေးမလား တစ်ခု ပြောမယ်"

"တစ်ခု မကပါဘူး ကြိုက်သလောက် ဖြစ်ချင်တာတွေ လုပ်ချက်တာတွေ ကို ပြောပါ၊ ရွှန်းလေး ဆန္ဒအားလုံး ပြည့်စေရမယ်"

"အဟင်း ...."

ရွှန်း ရယ်လိုက်သည်။

"ပြောပါလေ ရွှန်းလေး၊ ကိုယ် ဘာလုပ် ပေးရမလဲ" တည်းခိုခန်း တစ်ခု ရှင် ခ ငှားလိုက်ပါ၊ ပြီးတော့ ရွှန်းကို ပို့ပေး၊ ကားတစ်စီးနဲ့ ဒရိုင်ဘာ တစ်ယောက် မနက်စီစဉ်ပေး၊ ပြင်ဦးလွင် တစ်မြို့ လုံးကို ရွှန်း လျှောက်လည်မယ်"

"သိပ် ဖြစ်ပါတယ်၊ ရွှန်းလေး ဒီမှာ နေပြီး လဲလည်နိုင်ပါတယ်"

"ဟင့်အင်း ... ဒီမှာ မနေချင်ဘူး၊ တည်းခိုခန်းမှာ ပဲ နေမယ်၊ ဒါ ကိုယ့် ကျေးရူးရှင်ရဲ့ သမီး ဆန္ဒလေ"

မထေ့တထေ့ အပြုံး ကလေးဖြင့် ရွှန်းက ပြောလိုက်သည်။

"ကောင်းပါပြီ ရွှန်းလေး ...."

အောင်ထိုက်ဦးသည် တယ်လီဖုန်းကို ကောက်ယူ၍ တစ်နေရာဆီသို့ ဖုန်းဆက်လိုက်သည်။

"ဟဲလို ...."

"ဟဲလို ..... အမိန့် ရှိပါရှင်"

"ချယ်ရီဦး တည်းခိုရိပ်သာကလား"

"ဟုတ်ပါတယ် ...."

"ဦးစောနောင် ရှိလား ၊ စကားပြောချင်တယ်"

"ဟုတ်ကဲ့ ဖုန်း ခဏ ကိုင်ထားပါရှင်"

"ရွှန်း တစ်ခုခု စားလိုက်ပါ၊ ကိုယ် ရွှန်းအတွက် အခန်းဘွတ်ကင် လုပ်နေပါတယ်"

ရွှန်းလည်း ထမင်းစားခန်းဆီသို့ လျှောက်သွားလိုက်သည်။

"အင်း ... ဖေဖေ့ ကျေးဇူးတွေ ဆပ်လို့ သူ့မှာ မကုန်နိုင်ဘူးဆိုတော့ ကြုံကြို က်တုန်း ကောင်းကောင်း ညှဉ်းပေးလိုက် ဦးမယ်၊ ဒီစိတ်ကူးယဉ်သမားကြီးရဲ့ ဉပမိရုပ်က ငါ့ကို မရိုးမသား လုပ်မယ့်ပုံ တစ်စေ့ မှ မရှိပါဘူး၊ အို ... လုပ်ထားလိုက်တာလဲ ထမင်းစားပွဲပေါ်မှာ စုံနေတာပါပဲလား"

မုန့်မျိုး စုံ သစ်သီးမျိုး စုံ၊ နွားနို့ ခေါက်ဆွဲကြော်နှင့် အသားအခေါက်ကင်များ ။

သည်အစားအစာတွေ ကို မြင်လာတော့မှ ရွှန်းသည် ဝမ်းထဲတွင် ဆာလောင် မွတ်သိပ်လာ၏ ။

ရွှန်း ဣန္ဒြေပင် ဆည်မနေတော့ဘဲ စားပွဲတွင် ဝင်ထိုင်ပစ်ကာ ကြာဆန်ကြော် တစ်ပန်းကန် ကို ထည့်စားလိုက်သည်။

အသီး အရွက် အသား အသည်း စုံလင်စွာ ဖြင့် ကြော်ထားသော ကြာဆန်ကြော်ကို ရွှန်း အရမ်းခံတွင်း တွေ့သွားရသည်။

ရွှန်းသည် စားရင်း သောက်ရင်းက အပြင် ဘက်က စကားသံကို နားစွင့်လိုက်သည်။

"ဟဲလို ကိုစောနောင်၊ ကျွန်တော် ပါဗျာ၊ အောင်ထိုက်ဦးလေ၊ အေးဗျာ ... အထူးခန်း တစ်ယောက် ခန်း တစ်ခု ဘွတ်ကင် လုပ်ချင်လို့၊ ခုပဲ ယူချင်တာဗျ၊ ဟင်း .... ဟင်း ....

ဟင်း ... ဟုတ်ပါတယ်၊ ကျွန်တော့် အိမ်က ခင်ဗျား တည်းခိုခန်းထက် သာတယ်ဆိုတာ မငြင်းပါဘူးဗျာ။ ဒါပေမယ့် ရောက်လာတဲ့ ဧည့်သည့်က မိန်းကလေးဗျ။ ဒါကြောင့် ခင်ဗျားဆီ ပို့ရတာ ၊ ဗျာ ... အား ခင်ဗျားထင်သလို မဟုတ်ပါဘူး၊ အေးဗျာ ... ကျေးဇူးပဲ၊ ကျွန်တော့် ဧည့်သည်ကို အထူး ဧည့်သည်အ ဖြစ် သတ်မှတ်ပြီး လိုအပ်တာ အားလုံး ဆောင်ရွက်ပေးပါ၊ အိုးကေ ... ကျေးဇူးပဲ၊ နောက်မှ တွေ့ကြတာပေါ့”

အောင်ထိုက်ဦး သည် ဖုန်းကို ထားခဲ့ပြီး ထမင်းစားခန်းထဲသို့ လိုက်ဝင်လာကာ၊ ထမင်းစားပွဲ ထိပ်တွင် ဝင်ထိုင်လိုက်သည်။

“ကိုစောနောင်က ဗွီအိုင်ပီ တစ်ယောက် ခန်း အဆင်သင့်ပြင်ဆင် ထားလိမ့်မယ်၊ ရွှန်း သွားချင်တဲ့ အချိန်သာ ပြောပါ”

“စားသောက်ပြီးရင်သွားမှာ ပေါ့၊ ကျေးဇူးပဲ၊ ရှင့်စားဖို့မှူး ရဲ့ လက်ရာတွေ က သိပ် ကောင်းတယ်”

“နန်းဝေဖူး က အိမ်တွင် းမှု သိပ် တော် တဲ့ မိန်းကလေး တစ်ယောက် ပါ”

“လာပြန်ပြီ၊ ဒီ နန်းဝေဖူး ဆိုတာ သူနဲ့ ဘယ်လို ပတ်သက်နေသလဲ”

ရွှန်းခရင်းကို ကိုင်ပြီး ရွှန်း တစ်ချက် တွေ ခနဲ ဖြစ်သွား၏ ။

“ရွှန်းလေး အအီပြေ စတော် ဘယ်ရီသီး ဖျော်ရည်ကလေး သောက်လိုက်ပါဦး၊ ဒါ ကိုယ့် ခြံထွက်လေ”

ရွှန်း အတွက် ဖန်ခွက် လှလှကြီး တစ်လုံး ထဲတွင် အောင်ထိုက်ဦးက စတော် ဘယ်ရီသီး ဖျော်ရည်ကို ထည့်ပေးလိုက် သည်။

“ချယ်ရီဦး တည်းခိုးခန်း၊ ပိုင်ရှင် ကိုစောနောင် ဆီ ရွှန်းလေး လိုတဲ့ အကူအညီတောင်းပါ ငွေရေး ကြေးရေး အစပေါ့ အားလုံး စီစဉ်ပေးပါလိမ့်မယ်”

ရွှန်းက ဦးခေါင်းကိုသာ ဆတ်ခနဲ တစ်ချက် ညိတ်ပြလိုက်သည်။

ဟန်တွေ ပန်တွေ မလုပ်ဘဲ သူတည်ခင်းကျွေးသမျှ ရွှန်း တစ်ယောက်

စားသောက် နေသည်ကို တွေ့ရတော့ အောင်ထိုက်ဦး၏ ရင်ထဲတွင် ပီတိ ဖြစ်လာရသည်။

“ရွှန်းလေးရယ်၊ မင်းလေးကို ကိုယ့်ရင်ထဲမှာ သိုဝှက်ထားပြီး တစ်သက်လုံး ပြုစုယုယ သွားချင်လိုက်တာကွာ၊ ကံကောင်းတဲ့လူဟာ ကိုယ် ဖြစ်ပါစေလို့ပဲ ဆုတောင်းရတော့မှာ ပဲ ဟင်း”

ရင်တွင် လှိုက်မောစွာ ဖြင့် အောင်ထိုက်ဦး ရင်ထဲတွင် ကျိတ်၍ သက်မကြီး ချလိုက်ရှာသည်။

♥ ♥ ♥